# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဒွတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ စားပွဲတင်လေ့ကျင့်ခန်း(Table Top Exercise) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ပြီး ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်တံဆိပ်အား Touch Screen နှိပ်၍ ဖွင့်လှစ်ပေးကာ အဖွင့်မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် စားပွဲတင်လေ့ကျင့်ခန်းသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မြန်မာ-ရုရှား ပူးတွဲဥက္ကဋ္ဌများ ဦးဆောင်ကာ လေ့ကျင့်ခန်းအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ စားပွဲတင် လေ့ကျင့်ခန်း (Table Top Exercise)သို့ အာဆီယံအပေါင်းနိုင်ငံ ၁၂ နိုင်ငံမှ တပ်မတော်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒

# မြဝတီကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၆၁ သန်း ဆောင်ရွက်နိုင်ခဲ့

မြဝတီ ဩဂုတ် ၂

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ မတ်ပဲ၊ ကြက်သွန်နီ၊ ရေထွက်ကုန်များဖြစ်သည့် ငါးကြင်း၊ ငါးရှဉ့်၊ ပုစွန်၊ ငါးခွေးလျှာတို့အပြင် ဂေါ်ဖီထုပ်၊ ငရုတ်၊ ဖိနပ်နှင့် CMP ပစ္စည်းများဖြစ်သည့် အမျိုးသား/ အမျိုးသမီးအဝတ်အထည်များ တင်ပို့ခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❂



# ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၁၀၉၀၇ ဧက စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံရေး မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ၁၀၉၀၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လျာထားမိုးစပါးဧကများ ပြည့်မီကျော်လွန်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စပါးစိုက်ပျိုးရန်အတွက် ရေပေးဝေရေး မြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးစပါးများ စိုက်ပျိုးရာတွင် မနောသုခ၊ ရွှေမနော်၊ ရောမင်း၊ ဆင်းသုခနှင့် GW-11 စပါးမျိုးများ အဓိကထားပြီး ဒေသအလိုက် မိမိတို့စိုက်ပျိုးလိုသည့် နည်းစနစ်များဖြစ်သည့် ပျိုးထောင်စိုက်ပျိုးခြင်း၊ အစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့** *ဖတ် စ ရာ*

**ကောလာဟလအန္တရာယ် တားဆီးကာကွယ်**
ဆောင်းပါး | စာ ၁၀

**ကျိုက်ထို၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရန်ကုန် - မော်လမြိုင် ကားလမ်းရေကျော်**
ပြည်တွင်းသတင်း | စာ ၁၁





**ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု**
စီးပွားရေးသတင်းများ | စာ ၁၄

# ပြည်သူအပေါ် အလေးထားဆောင်ရွက်မှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် နိုင်ငံရေးအရ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး နိုင်ငံတော်၏ တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစကာ အခက်အခဲများစွာ၊ စိန်ခေါ်မှုပေါင်းများစွာတို့ကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မပျက်မကွက်ဆောင်ရွက်ခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မြင့်တက်လာခြင်း၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများမှ စတင်ကာ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများနှင့် ဖျက်ဆီးမှုများ ဖြစ်ပေါ်လာခြင်းနှင့် နိုင်ငံ့စီးပွားရေးကျဆင်းလာနေသည့်အခြေအနေများသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့ရသည့် ပထမတစ်နှစ်သက်တမ်းတွင် ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် စိန်ခေါ်မှုများပင်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခြင်းနှင့် ယခင် အစိုးရလက်ထက် ပြည်တွင်းစီးပွားရေး အားပေးမှုနှင့် စီမံခန့်ခွဲရေး အားနည်းချက်တို့ကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ ဂျီဒီပီသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် စိုက်ပျိုးမွေးမြူလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ပထမ (၆) လပတ်တွင် နိုင်ငံ၏ ဂျီဒီပီကို အပေါင်း ၂ ဒသမ ၄ သို့လည်းကောင်း၊ ၂၀၂၂-၂၀၂၃ တွင် နိုင်ငံ၏ ဂျီဒီပီသည် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွင်လည်း နေ့စဉ်ပျမ်းမျှ ပိုးတွေ့မှုရာခိုင်နှုန်း ၄၀ ကျော်အထိရှိခဲ့ပြီး နိုင်ငံရေးဝါဒမှိုင်းများကြောင့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းအများအပြား လုပ်ငန်းခွင်ကို စွန့်ခွာသွားခဲ့သည့်အခြေအနေကို ကြုံတွေ့ခဲ့ရာ "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသော မူဝါဒဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို ပြည်တွင်းအင်အားအဓိကထားကာ မိတ်ဆွေနိုင်ငံများ၏ ကူညီမှုတို့ဖြင့် အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ ယန္တရားများ ရပ်ဆိုင်းသွားစေရေးအတွက် စီးပွားရေး၊ ငွေရေးကြေးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးယန္တရားများအထိ အဘက်ဘက်မှ နှောင့်ယှက်ဟန့်တား၊ ခြိမ်းခြောက်တိုက်ခိုက် အကြမ်းဖက်မှုများကိုပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်မှုများ တစ်ဖက်တွင်ပြုလုပ်ရင်း အခြားတစ်ဖက်ကလည်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ယခုနှစ်တွင်မူ မေလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ကို ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော မိုခါ ဆိုင်ကလုန်းမုန်တိုင်းသည် နိုင်ငံတော်အစိုးရ၏ ပြည်သူလူထုအပေါ် အလေးထားဆောင်ရွက်ပေးနိုင်မှုကို ထင်ရှားစွာ ပြသနိုင်သော သာဓကတစ်ခုပင်ဖြစ်သည်။ တစ်နာရီ မိုင် ၁၃၀ ကျော်နှုန်းဖြင့် တိုက်ခတ်ခဲ့သော မုန်တိုင်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်း ခုနစ်မြို့နယ်နှင့် ချင်းပြည်နယ်မှ နှစ်မြို့နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ရာ မုန်တိုင်းမတိုက်မီ ကြိုတင်ပြင်ဆင်မှုများ ကောင်းစွာစီမံဆောင်ရွက်ခဲ့မှုကြောင့် မုန်တိုင်း၏ အဖျက်အားနှင့်ယှဉ်ပါက အသက်ဆုံးရှုံးမှု နည်းပါးစေခဲ့သည့်အပြင် ပျက်စီးမှုများကိုလည်း မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသော အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်တို့ကိုပြည်တွင်းအင်အားကို အခြေခံ၍ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး ဆောင်ရွက်ရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဂျီဒီပီ ၄ ရာခိုင်နှုန်းခန့်အထိ တိုးတက်မည်ဟု မျှော်မှန်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှုများ မူလရည်မှန်းချက်များထက် တိုးတက်စွမ်းဆောင်နိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်သီတာအေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဩဂုတ် ၂

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ကွန်မြူနစ်ပါတီဦးဆောင်မှုဖြင့် တရုတ်နိုင်ငံအနောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နေမှု၊ ဆင်းရဲမှုပပျောက်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်းဒေသခေတ်မီဖွံ့ဖြိုးတိုးတက်နေမှုများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရုတ်ပုံစံခေတ်မီမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု ကဗျာလွတ်အကနှင့် အဆိုအခြေခံသင်တန်းဆင်း

မြိတ် ဩဂုတ် ၂

မြိတ်တက္ကသိုလ် မြန်မာ့ရိုးရာယဉ်ကျေးမှု ကဗျာလွတ်အကအခြေခံသင်တန်းနှင့် အဆိုအခြေခံသင်တန်းဆင်းပွဲကို မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူးများ၊ သင်ကြားစီမံအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။



ဦးစွာ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက သင်တန်းများဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး သင်တန်းဆင်းကျောင်းသား ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါသင်တန်းကို ပျော်ရွှင်ချမ်းမြေ့ဖွယ် ပညာရပ်ဝန်းတစ်ခုဖြစ်ပေါ် စေရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျောင်းသားကျောင်းသူများ ချစ်ခင်ရင်းနှီးမှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကောင်းကောင်း(ဘူမိ)**

# Music Travellers တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၂

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် **"Music Travellers" တေးဂီတဖျော်ဖြေပွဲ** ကို ဩဂုတ် ၄ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို တေးသံရှင် ယုန်လေးက စီစဉ်ပြီး ချောင်းသာကမ်းခြေသို့ သွားရောက်၍ တေးသံရှင် D ဖြိုး၊ အစ္စဏီ၊ ဝေလျှို၊ ဆိုတေး၊ သာထူးဇော်နှင့် အခြားအနုပညာရှင်များစွာနှင့်အတူ ကမ်းခြေအလှအပများနှင့် ယှဉ်တွဲကာ သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် (Replay) ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၇ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အတွင်းရေးမှူး |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အတွင်းရေးမှူး |
| (၅) | ဗိုလ်ချုပ်ကြီး မြထွန်းဦး | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | အဖွဲ့ဝင် |
| (၇) | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ခွဲဘူ | အဖွဲ့ဝင် |
| (၁၂) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၃) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာ မှုထန် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာ ဘရွှေ | အဖွဲ့ဝင် |
| (၁၆) | ခွန်စံလွင် | အဖွဲ့ဝင် |
| (၁၇) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၁၈) | ဦးရန်ကျော် | အဖွဲ့ဝင် |

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၅ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

(၁) ဦးမောင်ကို
(၂) ဒေါက်တာ အောင်ကျော်မင်း

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၆ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၈ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၉ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကိုကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဦးသောင်းဟန် | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၃) | ဦးတင်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် |
| (၄) | ဒေါက်တာ ဌေးအောင် | ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် |
| (၅) | ဦးလှမြင့် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၀ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမျိုးမြင့်ဦး | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ပွင့်ဆန်း | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန |

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂ - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

❒ *ရွှေဖုံးမှ*

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ တပ်ဖွဲ့ဝင်များအကြား ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင် လေ့ကျင့်ခန်း (Table Top Exercise)သို့ တက်ရောက်လာသည့် ရုရှားတပ်မတော် အရှေ့ပိုင်းစစ်ဒေသမှ ဒုတိယအကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး Mikhail NOSULEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားတပ်မတော် အရှေ့ပိုင်းစစ်ဒေသမှ ဒုတိယအကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး (ကြည်း၊ ရေ၊ လေ) Colonel SurgEY S. kurchenko နှင့် ရုရှားတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






**ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

## ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် (၄၁)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၂**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့မှကြီးမှူး၍ ဩဂုတ် ၁ ရက် နံနက် ၇ နာရီက စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ (၄၁) ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ငါးပါးသီလခံယူခြင်း၊ သင်္ကန်းနှင့် ပန်းများ ဆက်ကပ်လှူဒါန်းခြင်းကို ပြုလုပ်ကြသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့၊ အလှည့်ကျသဘာပတိနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက ဓမ္မစကြာအခါတော်နေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ဘာသာရေးအဖွဲ့များက ဓမ္မစကြာအမွှမ်းပါဠိတော်အနက်နှင့် ဓမ္မစကြာပါဠိတော်ဘာသာပြန်ရှစ်လုံးဘွဲ့ မြန်မာကဗျာများကို စုပေါင်းရွတ်ဆို ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းကပ်လှူရန်အတွက် ဘာသာရေးဝတ်အသင်းများက ဂေါပကအဖွဲ့တာဝန်ရှိသူများထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်မှ ၄ ရက်အထိ နေ့စဉ် ညနေ ၃ နာရီမှစ၍ ညလုံးပေါက် ဘာသာရေးအသင်းအဖွဲ့များက အလှည့်ကျရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

❖ *ရွှေဖုံးမှ*

မိုးစပါးစိုက်ခင်းများအောင်မြင်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့်စပါးမျိုးများ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်နည်းစနစ်များမှန်ကန်စေရေး နည်းပညာများ စနစ်တကျကူညီပေးလျက်ရှိကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ ပြည့်ဝစွာ အလှည့်ကျစနစ်ဖြင့် ပေးဝေခြင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ အချိန်သက်သာစေခြင်း၊ လုပ်သားရှားပါးမှုနှင့် လုပ်ငန်းများတွင်ကျယ်စေရေး စက်ကိရိယာများဖြင့် စပါးစိုက်တောင်သူများနှင့်ပူးပေါင်းကာ ကူညီပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ပြန်/ဆက်)**

✪ *ရွှေဖုံးမှ*

ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ CMP၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ဖိနပ်၊ ရေထွက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများကို တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ စားသုံးရန်လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာတင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေး၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါး၊ ထုပ်ပိုးခွံပစ္စည်းများ (Packing Materials)၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အထည်ချုပ်(Garment)၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၊ အိမ်သုတ်ဆေး၊ စက်ဆီ/ချောဆီကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်း၊ စက်ဆီ/ချောဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားပစ္စည်းတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပြောင်း ၂၀၁၄၂ ဒသမ ၉၆၄ တန်၊ ချုပ်ပြီးအထည် ၁၄ ဒသမ ၉၄၇ တန်၊ ကြက်သွန်နီ ၁၃၂၅ တန်၊ သတ္တုနှင့် သတ္တုရိုင်း ၁၅၂ တန်၊ ငရုတ်သီး(အစို) ၆၆၅ ဒသမ ၁၄၃ တန်၊ ငရုတ်သီး(ခြောက်) ၈၅ ဒသမ ၁၇၅ တန်၊ ဂေါ်ဖီထုပ် ၆၀၆ တန်၊ ငါးမျိုးစုံ ၇၁ ဒသမ ၄၇၀ တန်၊ မတ်ပဲ ၆၄ တန်နှင့် အခြားရေထွက်ပစ္စည်း ၄ ဒသမ ၈ တန်တို့ဖြစ်သည်။

ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၇ ဒသမ ၀၉ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၆၁ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၉၈ ဒသမ ၉၈၁ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၄၄ ဒသမ ၃၄၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ **စီးပွား/ကူးသန်း**

## ပေါင်းတည်အချုပ်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၂ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြု

**ပေါင်းတည် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီးရှိ ပေါင်းတည်အချုပ်ထောင်မှ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်သူများ နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း ပေါင်းတည်အကျဉ်းဦးစီးဌာနမှ သိရသည်။



အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြင့်ဇော်နိုင်၊ ပေါင်းတည်အကျဉ်းဦးစီးဌာန တာဝန်ခံ ဦးကျော်လွင်ဦးနှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး အောင်ဇော်ထွန်းတို့က ဆုံးမစကားများ ပြောကြားပြီး နေရပ်အသီးသီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ) **သူရကြီး(ပြန်/ဆက်)**

## လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရသည့် အကျဉ်းသား အကျဉ်းသူ ၉၆ ဦးအား လွှတ်ပေး

**လားရှိုး ဩဂုတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရသည့် အကျဉ်းသား အကျဉ်းသူ ၉၆ ဦးအား လွှတ်ပေးသည့်အခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး(လားရှိုး)မှ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြင့်နိုင်၊ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝေဠုသတိုး၊ အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်တင့်၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းခိုင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဦးတို့ တက်ရောက်ခဲ့ကြပြီး လွတ်ငြိမ်းသက်သာခွင့်ရသည့် အကျဉ်းသားများကို ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံ စေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါသည်။ ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများ ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့်မဏ္ဍပ်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်



## ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က နိဗ္ဗာန်လမ်းပြကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် နှစ်ပါးနှင့် ဒေသခံပြည်သူ ၃၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး/ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆီးချို/သွေးချိုစစ်ဆေးပေးခြင်းနှင့် သွေးအုပ်စုခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

### ဆက်ကပ်လှူဒါန်း

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာ ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်စာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံ ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဋ္ဌောတာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မြတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်မစိုးရိမ်ရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးစေတီပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မဟာရုံသီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေး၊ တရားဘာဝနာများ အားထုတ်နိုင်ရေးနှင့် မြို့/ ရွာများ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်သုံးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်ခုနစ်မြို့နယ်၌လည်းကောင်း၊ ဘုရားစေတီပုထိုးဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဘုရားရင်ပြင်တော်များအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အောင်သိဒ္ဓိစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ထို့အပြင် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သဘာဝမြေသြဇာကို စွန့်ပစ်အမှိုက်များမှ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေး

# ဈေးများ၊ အမှိုက်ပုံးများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာထုတ်လုပ်နိုင်

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ပုဗ္ဗသီရိအမှိုက်ကွင်းသို့ သွားရောက်၍ နေပြည်တော်အတွင်းမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များမှ သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စွန့်ပစ်အမှိုက်မှ မြေသြဇာထုတ်လုပ်နိုင်ရေး ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ စိုက်ပျိုးရေးတွင်လိုအပ်သည့် သဘာဝမြေသြဇာကို စွန့်ပစ်အမှိုက်များမှ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စိုက်ပျိုးရေးသီးနှံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ မွေးမြူရေးများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ဈေးများ၊ အမှိုက်ပုံးများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက စွန့်ပစ်ပစ္စည်းများ စုဆောင်းရရှိမှုနှင့် သဘာဝမြေသြဇာထုတ်လုပ်နိုင်မှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝမြေသြဇာထုတ်လုပ်နိုင်မည့် စက်ရုံများပေါ်ထွန်းလာစေရေးနှင့် သဘာဝမြေသြဇာများ လုံလောက်မှုရှိစေရေး လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးမည့် အခြေအနေနှင့် မျိုး၊ မြေ၊ ရေ၊ နည်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် အခြေအနေများကို ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**ဘားအံ ဩဂုတ် ၂**

၂၀၂၃ ခုနှစ် ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင် အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြား၍ **(အောက်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး အဆိုပါပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ပြိုင်ပွဲဝင်ပြေးခုန်ပစ်အသင်း ခုနစ်သင်း အမျိုးသား၊ အမျိုးသမီး အားကစားသမား စုစုပေါင်း ၂၁၀ ဝင်ရောက် ယှဉ်ပြိုင်ကြကာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တီးခတ်ကူညီပေးသော ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစား ဝါသနာရှင်များက အမျိုးသမီး မီတာ (၁၀၀ x ၄) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲနှင့် အမျိုးသား မီတာ(၁၀၀ x ၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ၇၃၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်သည့်အတွက် ဘားအံမြို့ ကမ်းနားလမ်းနှင့် ဘီအိုစီလမ်းထောင့်တွင် သံလွင်မြစ်ရေ မြင့်တက်လာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသူများအား အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်နိုင်ရေးနှင့် လိုအပ်ပါက အရေးပေါ်ရွှေ့ပြောင်းနေရာချထားပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံတွင် တမံရေပြည့်မှတ်ထက် ရေကျော်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဦးက ပုံမှန်တိုင်းတာစစ်ဆေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘုတ်ရေလှောင်တမံပေါ်ရှိ ရေစိမ့်နှုန်းတိုင်းတာသည့် v-Notch များ၊ Pressure relief well များ၊ ရေထုတ်ပြွန်ရေတံခါးနှင့် ရေပိုလွှဲနှစ်ခုမှ ရေကျော်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger, 7 KW) ၂၃ ခုနှင့် (EV Charger, 11 KW) ၂၈ ခု စုစုပေါင်း လျှပ်စစ်သုံးယာဉ်အားသွင်းစက် ၅၁ ခုသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးမြို့နယ်၌ တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ပဲခူး ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံထုတ် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသမှုကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**



ယင်းနောက်ဒေသခံတောင်သူများအား တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက် အသုံးပြုပုံနှင့် ပျိုးထောင်ရန် အချက်အလက်များကို ပဲခူးခရိုင် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ တာဝန်ရှိသူများက မှတ်တမ်းဗီဒီယိုဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါ တန်ဖိုးနည်း လက်ဆွဲကောက်စိုက်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မှာယူခဲ့ပြီး မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့မှ တောင်သူများ တက်ရောက် လေ့လာကြကာ တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်မှာယူလိုသူ တောင်သူများကို တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်ဖြိုးကြိုင် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း(၄/၂၀၂၃)ဖွင့်ပွဲ ကျင်းပ

**မကွေး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း(၄/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ကလေးသူငယ်အရေးကို ဆောင်ရွက်ကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းကို မကွေးမူလတန်းကြိုကျောင်းတွင် နှစ်ကြိမ်၊ ပခုက္ကူမူလတန်းကြိုကျောင်းတွင် တစ်ကြိမ်၊ စုစုပေါင်း သုံးကြိမ် ဖွင့်လှစ်ခဲ့ပြီး ယခု ဖွင့်လှစ်သည့် သင်တန်းသည် သင်တန်းလိုအပ်မှုရှိသည့် ပွင့်ဖြူမြို့တွင် စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရှေးဦးအရွယ်ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းစနစ်တကျ ပြုစုပေးနိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနပိုင် မူလတန်းကြိုကျောင်း ၁၅ ကျောင်း ဖွင့်လှစ်ထားရှိပြီး လူမှုဝန်ထမ်းဦးစီးဌာန ရန်ပုံငွေမှ ကလေးတစ်ဦး တစ်နေ့စားစရိတ် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကျွေးမွေးပြုစုပေးလျက်ရှိကြောင်း၊ ယင်းအပြင် ရပ်ရွာအတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကျောင်းများကို ထုတ်ပြန်ထားသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ခွင့်ပြုအမိန့်များ ထုတ်ပေးခြင်း၊ နည်းပညာပိုင်း ပံ့ပိုးပေးခြင်း၊ ကြီးကြပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။(**အပေါ်ယာပုံ**)



အဆိုပါသင်တန်းတွင် ကလေးဖွံ့ဖြိုးမှု(၅)ရပ် သင်ကြားခြင်းပုံစံနှင့် နည်းစနစ်များ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် အာဟာရ၊ ရှေးဦးသူနာပြုစုခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြုလုပ်ခြင်း၊ သင်ခန်းစာအစီအစဉ်များရေးဆွဲခြင်း၊ အသွင်ကူးပြောင်းကာလအရေးကြီးပုံများ၊ အထူးဂရုပြု စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မိဘအသိပညာပေးခြင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် ရပ်ရွာအတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် တာဝန်ခံဆရာမလစာ၊ စာသင်ဆရာမလစာ၊ သင်ထောက်ကူပစ္စည်းဖိုးအဖြစ် မူကြိုကျောင်းတစ်ကျောင်းအတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် ငွေကျပ်ဆယ်သိန်း ခြောက်သောင်းကို လူမှုဝန်ထမ်းဦးစီးဌာန ရန်ပုံငွေမှ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**

# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ စာပေဥယျာဉ်အသင်း နာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားပြောကြားကြပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ထုတ်ဝေခဲ့သည့် ဒေါက်တာ ခင်မောင်ညို ရေးသားထားသော လူငယ်နှင့် အကောင်းဆုံးဘဝကိုတည်ဆောက်ခြင်းအမည်ရှိ စာအုပ်ကို စာဖတ်ဝိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်စာအုပ်ပါအကြောင်းအရာများကို စာပေဥယျာဉ်အသင်းဝင် စာရေးဆရာများဖြစ်ကြသည့် မောင်မောင်ဝင်းမြင့် (မှူခင်း)၊ ရွှေဘုတ်(အင်းစိန်)၊ အောင်ငယ်စစ် (အင်းစိန်) နှင့် မောင်ပန်းဝေ(ညောင်တုန်း)တို့က အပိုင်းလိုက် စိတ်ဝင်စားဖွယ် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စာရေးဆရာများဖြစ်ကြသည့် ဝင်းနွယ်(ပုသိမ်)၊ ရန်မိုးအောင် (အင်းစိန်)နှင့် စိန်ညိုမင်း (ထန်းတပင်)တို့က မေးမြန်းဆွေးနွေး အသိအမြင်ချင်း ဖလှယ်ကြကာ စာပေဥယျာဉ်အသင်း နာယက ဦးသက်တင် (မောင်သာတင့်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု ကွင်းဆင်းစစ်ဆေး

**ထန်းတပင် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် စားသုံးဆီဖူလုံရန်နှင့် ဆောင်းနေကြာမျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆင်းနေကြာ-၂မျိုးဖြင့် မိုးနေကြာ ၂၅ ဧကအား စိုက်ပျိုးထားရှိရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက သွားရောက်စစ်ဆေးသည်။

အဆိုပါမိုးနေကြာစိုက်ခင်းသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် ခရိုင်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့များက အောင်မင်္ဂလာကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၅) တောင်သူဦးသောင်းမြင့်၏ မိုးနေကြာဆင်းရွှေကြာစိုက်ခင်း ခြောက်ဧကကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့များက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကိုကိုစိုးက မြို့နယ်အတွင်း ဒေသဆီဖူလုံမှုအခြေအနေ၊ ဆောင်းနေကြာမျိုးလိုအပ်ချက် ဖြည့်ဆည်းနိုင်မှုအခြေအနေများကို ရည်ရွယ်၍ ထန်းတပင်မြို့နယ်အတွင်း မိုးနေကြာစမ်းသပ်စိုက်ပျိုး အောင်မြင်မှုအခြေအနေများနှင့် နေကြာသီးနှံ အထွက်နှုန်းတိုးတက်ရေးအတွက် စနစ်တကျ မြေပြုပြင်ခြင်း၊ သားခွဲခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းလုံးခြင်း ဆောင်ရွက်နေမှုများနှင့် နေကြာသီးနှံပန်းတိုင် အထွက်နှုန်းထွက်ရှိအောင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တောင်ငူမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**တောင်ငူ ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ယနေ့ နံနက် ၁၀ နာရီတွင် တောင်ငူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် KG အဆင့် ကျောင်းသားကျောင်းသူများအား Sinopharm ဒုတိယအကြိမ်နှင့် အသက် (၁၂)နှစ်အထက် ကျောင်းသားကျောင်းသူများကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ( Booster Dose) ထိုးနှံပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# ဂွမြို့နယ်၌ တရားမဝင်၊ စည်းပျက် ငါးဖမ်းရေယာဉ်များအား အရေးယူဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရှင်းလင်း

**ဂွ ဩဂုတ် ၂**

ရခိုင်ပြည်နယ် ဂွမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ရေလုပ်သားများအား တရားမဝင်၊ စည်းပျက် ငါးဖမ်းရေယာဉ်များအား အရေးယူဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းခြင်းအခမ်းအနားကို ဇူလိုင် ၂၅ ရက်က မကျေးငူကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂွမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးခင်မောင်ရီက တရားမဝင်၊ စည်းပျက် ငါးဖမ်းရေယာဉ်များအား အရေးယူဆောင်ရွက်ရေးနှင့်ပတ်သက်၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မများ၊ ပြစ်ဒဏ်များ၊ တားမြစ်ငါးဖမ်းကိရိယာများ၊ တားမြစ်ရေသတ္တဝါများ ကာကွယ်ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေလုပ်သားများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားကာ ကျေးရွာမှ ရေလုပ်သား ၄၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတုန်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်လမ်းတံတားများ တည်ဆောက်မည်

**နေပြည်တော် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် ကျေးလက်လမ်း၊ တံတားများအား ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်လမ်းတံတားများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကြို့ကုန်း-ကံလည်ကြားရှိ ကြို့ကုန်းကွန်ကရစ်တံတား ၃၆ ဒသမ ၅၇ မီတာ အပြီးတည်ဆောက်ခြင်းနှင့် ကြို့ကုန်း-ကံလည်ကြားရှိ ကြို့ကုန်းတံတား ချဉ်းကပ်လမ်း ၁၂၁ ဒသမ ၉၁ မီတာ ကျောက်ချောလမ်းတည်ဆောက်ခြင်း၊ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကံပိုင်-လွှာဝဆက်သွယ်ရေး လမ်း (၀/၅)မိုင်အား မြေနီလမ်းခင်းခြင်း၊ မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာဆက်သွယ်ရေးလမ်းပေါ်တွင် ပေ ၄၀ သံကူကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း၊ သဒွန်း-ဆင်သေ-ပုသိမ်-မုံရွာ ဆက်သွယ်ရေးလမ်း (၀/၇)မိုင်အား မြေနီလမ်းခင်းခြင်း၊ သော်မော်-မင်းကိုင်း ဆက်သွယ်ရေးလမ်းပေါ်တွင် ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း ၁၈ ပေ တံတားတစ်စင်း တည်ဆောက်ခြင်းနှင့် ခုန်တိုင်ကျင်း-မြှူး ဆက်သွယ်ရေး လမ်း(၂/၂)မိုင်အား မြေနီလမ်းခင်းခြင်းလုပ်ငန်းများကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည်ဖြစ်သည်။

မင်းတုန်းမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်လမ်းတံတားများ ဆောင်ရွက်ပြီးပါက ကျေးရွာ ၂၀ ရှိ အိမ်ခြေ ၁၉၇၇ အိမ်၊လူဦးရေ ၇၂၂၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဘီ**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့ အစည်း များအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွား မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။**

ယင်းသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ သတင်း ထုတ်ပြန် ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း၊ နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက် လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တမူး၊ ကလေး၊ ကန့်ဘလူနှင့် ဂန့်ဂေါတပ်နယ်တို့ရှိ ခန်းမများ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြန်လည် အလင်းဝင်ရောက် လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တိုင်းမှူးတို့က နယ်မြေ ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြား သည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့ သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်း မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် ၎င်းတို့နှင့်အတူ ပါလာသည့် မောင်းပြန်သေနတ် လေးလက်၊ ပစ္စတိုသေနတ် တစ်လက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့် စကားပြောစက် နှစ်လုံးတို့ကို အပ်နှံကြရာ တိုင်းမှူးနှင့် တာဝန် ရှိသူများက လက်ခံရယူပြီး မောင်းပြန်သေနတ်ဖြင့် အလင်း ဝင်ရောက်လာသူ လေးဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပစ္စတိုသေနတ်ဖြင့် အလင်း ဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ် ဗုံးနှစ်လုံးနှင့် စကားပြောစက် နှစ်လုံးတို့ဖြင့် အလင်းဝင်ရောက် လာသူတစ်ဦးအား ၇ သိန်းကျပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ် ၅၆၇ သိန်း၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက် ဖွယ်ရာများပေးအပ်ရာ အလင်း ဝင်ရောက်လာသူများက လက်ခံ ရယူကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် အလင်းဝင်ရောက် လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့ ၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီမှ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ် သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးကာ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိ နေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံပေးသွား မည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေး ငွေများအား ထိုက်တန်စွာ ပေးအပ် သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာရှိ နေအိမ်များအား KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ထုံး ကြီးကျေးရွာအတွင်းရှိ နေအိမ်များအား KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကသာမြို့နယ်အတွင်း နယ်မြေလုံခြုံ ရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက်တွင် ကျောက်ထုံးကြီးကျေးရွာအနီးသို့ အရောက်၌ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူ များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းနှင့် ကျေးရွာသင်္ချိုင်းကုန်းအတွင်းမှ နေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား များသည် ကျေးရွာ၏ အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ထိုသို့ ဆုတ်ခွာထွက်ပြေး စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့၏နောက်သို့ ထက်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်ခြင်း မပြုနိုင်စေ ရန်နှင့် ကျေးရွာရှိနေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင် များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု အများပြည်သူ အထင် အမြင်လွဲမှားစေရန် ရည်ရွယ်၍ နေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် ကျေးရွာအတွင်းရှိ နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကျောက်ထုံးကြီးကျေးရွာပြပုံ



အထက်ပါဖြစ်စဉ်မှ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက် သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ နိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ ဆန်နှင့်ဆန်ကွဲအိတ်များ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု ဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေ နှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက် ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ ကုမ္ပဏီတာဝန်ရှိသူက ၎င်းတို့ကုမ္ပဏီမှ ပစ္စည်းများမဟုတ် ကြောင်း ထွက်ဆိုလာသည့် ကုန်ပစ္စည်း များ ဖြစ်သည့် Pre-Painted Galvanized Iron Sheet in Coil ၃၀၄၆၉၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၈၉၉၃၅၀) ကိုလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြ နိုင်ခြင်းမရှိသည့် Sport Light/Down Light အခု ၈၀၊ Electric Led Bulb အခု ၁၀၆၀၀ အပါအဝင် ကုန်ပစ္စည်း ၃၄ မျိုး နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာ ထားခြင်းမရှိသည့် Electrical Tap အခု ၃၆၀၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆၅၂၆၃၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Pneumatic Spring သုံးခု၊ Air Flaps Upper တစ်ခု၊ Radio Remote Control M Sport တစ်ခု နှင့် Brand New Car Spare Parts Repair Kit တစ်ခု အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၂၃၁၄)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၂၈၇၉၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး - မူဆယ်ကားလမ်း မိုင်တိုင် အမှတ် (၂၆)မိုင် (၄)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည် ထက် ပိုမိုပါရှိလာသည့် Spoked & Nipple Bicycle Spare Parts ကီလိုဂရမ် ၄၃၅၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၅၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Auman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေး - မူဆယ်ကားလမ်း မိုင်တိုင် အမှတ်(၂၇)မိုင် တစ်ဖာလုံ၌ မူဆယ်မြို့မှ နေပြည်တော်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် သစ်တော်သီး ၆၀ ကီလိုဂရမ်၊ USB Charger အခု ၁၃၄၀၊ Fancy Accessories Rock ၁၂၅ ကီလိုဂရမ်၊ Heffey Clouds Cleansing Bubble ၁၉၄ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၅၀၀၁၀၅)၊ အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၀၅၁၀၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၀ ရက်တွင် ရှမ်း ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာန်ကျပူးပေါင်းအဖွဲ့က လားရှိုးမြို့ မြို့ရှောင်လမ်းတိုးဂိတ် Check Point အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာ သော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် ဆန်အိတ် ၃၅၀၊ ဆန်ကွဲ အိတ် ၆၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၀၀၀၀)၊ အဆိုပါ ဆန်နှင့်ဆန်ကွဲ အိတ်များ တင်ဆောင်လာသည့် Nissan Diesel တစ်စီး၊ Mitsubishi Fuso တစ်စီး နှင့် Isuzu Giga တစ်စီး (ခန့်မှန်း တန်ဖိုး ငွေကျပ် ၈၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၂၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်၊ ၃၀ ရက် နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း မှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၉၉၃၀၆၉)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှသိရသည်။ **သတင်းစဉ်**

# စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး မူဝါဒများနှင့်အညီ အလေးထားဆောင်ရွက်နေ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မဟာအောင်မြေ ခရိုင်အတွင်းရှိ သွင်းကုန်အစားထိုး MSME လုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် တမာပင်ကျေးရွာအုပ်စုရှိ ဦးမြင့်ဦး၏ ဥစားကြက်မွေးမြူရေးခြံသို့ရောက်ရှိရာ ခြံပိုင်ရှင် ဒေါက်တာသက်ဦးက ဥစားကြက်မွေးမြူရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ်တွင် စတင်လုပ်ကိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ကြက်မွေးမြူရေးခြံတည်ဆောက်ထားရှိမှု၊ ဥကြက်မအကောင်ရေ ၉၃၈၀၀ မွေးမြူထားပြီး တစ်ရက်ပျမ်းမျှ ကြက်ဥအလုံး ၇၅၀၀၀ ထွက်ရှိမှု၊ ကြက်ဥနှင့် ကြက်စာသိုလှောင်ရုံများတည်ဆောက်ထားရှိမှု၊ ကြက်ဥများနှင့် ဆက်စပ်အသုံးပြုနေသည့် စားသောက်ကုန်လုပ်ငန်းများနှင့် ဈေးကွက်အတွင်း ဖြန့်ချိမှုနှင့် ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး နိုင်ငံတော်၏ မူဝါဒများနှင့်အညီ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလေးထား ဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်သွားရန်၊ စားသုံးသူများ ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန်၊ ပြည်ပမှ မွေးမြူရေးအစားအစာသွင်းအားစုများ ဝယ်ယူနေမှုကို လျှော့ချနိုင်ရေး ပြည်တွင်း၌ ထုတ်လုပ်သွားနိုင်ရန် နည်းလမ်းများ ရှာဖွေကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကြက်မွေးမြူရုံ၊ ကြက်ဥနှင့် ကြက်စာသိုလှောင်ရုံများအတွင်း လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်မှုစိုက်ပျိုးမွေးမြူရေး တွဲဖက်သင်ကြားပေးသည့် အခြေခံပညာအထက်တန်းကျောင်း (မြစ်သား)သို့ ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များ သင်ကြားနေမှုကို ကြည့်ရှုသည်။

ထို့နောက် မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်(၁)ရှိ Good Brothers လယ်ယာသုံး စက်ကိရိယာထုတ်လုပ်တပ်ဆင်ရေးလုပ်ငန်းသို့ရောက်ရှိရာ ဒါရိုက်တာအဖွဲ့ဝင် ဦးမျိုးမြင့်ထွန်းက လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်တပ်ဆင်ခြင်းလုပ်ငန်းများ လည်ပတ်နေမှု၊ ဈေးကွက်အတွင်းဖြန့်ချိနေမှု၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်ရန် စီစဉ်နေမှု၊ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလုပ်ကိုင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က MSME ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးတွင် အမှန်တကယ်လိုအပ်သည့် စက်ကိရိယာများကို တီထွင်ဖန်တီးထုတ်လုပ်ပြီး ထိုက်သင့်သည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်သားရရှိမှု အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး Good Brothers လယ်ယာသုံးစက်ကိရိယာ အမျိုးမျိုး ထုတ်လုပ်တပ်ဆင်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုခဲ့သည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂**

ပြည်သူများ၏ စားဝတ်နေရေးပြေလည်မှုကို ရှေးရှုလျက် အခြေခံစားသောက်ကုန် ဈေးနှုန်းများအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ထိန်းသိမ်းဆောင်ရွက်ရန် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါကော်မတီကို ၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၁၁၄/၂၀၂၃ ဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ဒုတိယဝန်ကြီးများ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်၊ရန်ကုန်နှင့်မန္တလေး စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများ၊ UMFCCI ဥက္ကဋ္ဌများ ပါဝင်သည့် အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်းထားသည်။ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးဖြစ် ယင်းဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆောင်ရွက်ကြကြောင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းများ တည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊ အခြေခံစားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်းစားသုံးရန် လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှု ပမာဏတို့ကိုချိန်ဆ၍ ညီညွတ်မျှတစေရေး စိစစ်ဆောင်ရွက်ရန်၊ ဒေသများအလိုက် ကုန်ဈေးနှုန်းများတည်ငြိမ်စေရန် လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများအတွက် အဖွဲ့အစည်းများဖွဲ့စည်းတာဝန်ပေးရန်နှင့် ကုန်ပစ္စည်းထွက်ရှိရာဒေသများမှ စားသုံးသည့်ဒေသများသို့ သယ်ဆောင်ရာတွင် သယ်ယူစရိတ်ကြီးမြင့်ခြင်း၊ ကြားခံအဆင့် များပြားခြင်း၊ သယ်ယူရာတွင် လမ်းခရီး၌မလိုအပ်ဘဲ ထိန်းချုပ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်းသိရသည်။

ယင်းအပြင် ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် လုံလောက်စွာဝင်ရောက်ရေး၊ အဝင်အထွက်မှန်ကန်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးရန်၊ အခြေခံစားကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးချဲ့နိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ညှိနှိုင်းဖြည့်ဆည်းပေးရန်နှင့် အခြေခံစားကုန်ပစ္စည်းများကို ကုန်ဈေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အမိန့်ကြော်ငြာစာအရ သိရသည်။

အခြေခံစားကုန်ပစ္စည်းထုတ်လုပ်မှုမှာ အဓိကဖြစ်သည့် လယ်ယာကဏ္ဍနှင့် မွေးမြူရေး ကဏ္ဍတို့၌ ထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများပေးခြင်း၊ တစ်နိုင်စိုက်ပျိုးရေးနှင့်တစ်နိုင် မွေးမြူရေးတို့ကို အားပေးခြင်းစသည့် စည်းရုံးရေး၊ စီးပွားရေးနည်းလမ်းများဖြင့် ဆွဲဆောင်မှုပေးရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာအောင် နည်းလမ်းများ ရှာဖွေပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အချက်များကိုလည်း ကော်မတီ၏လုပ်ငန်းတာဝန်များထဲတွင် ဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကစားခြင်းနှင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန်လည်း ကော်မတီက လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပြင်ဦးလွင်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း (ပထမအကြိမ်) ဆင်းပွဲကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (သီးနှံအခြေခံ ယို၊ ဖျော်ရည်၊ ဝိုင်အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း (ပထမအကြိမ်)ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ပြင်ဦးလွင်မြို့နယ် ပင်လိန်(အရှေ့)ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



အဆိုပါ သင်တန်းဆင်းပွဲတွင် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မိုးလှိုင်က သင်တန်းဆင်းအမှာစကားနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ခရိုင်အဆင့်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင် ဦးသက်လွင်ထူးက သင်တန်းထုတ်ကုန်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန် (သီးနှံအခြေခံ ယို၊ ဖျော်ရည်၊ ဝိုင်အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ယို၊ ဖျော်ရည်၊ ဝိုင်အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာများကို သင်တန်းသား သင်တန်းသူ ၁၁ ဦးအား ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၃၀ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် ဒုတိယအကြိမ် မွမ်းမံသင်တန်းဖွင့်လှစ်ပြီးပါက လုပ်ငန်းပြန်လည်လုပ်ကိုင်မည့် သင်တန်းသား သင်တန်းသူ ငါးဦးအား တစ်ဦးလျှင် ၁၀ သိန်းကျပ်နှင့် ညီမျှသည့် စက်ပစ္စည်းများ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဖြူလူသစ် (ပြန်/ဆက်)**

# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ရွှေဘို ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် တန်ဖိုးမြှင့်စားသောက်ကုန် (Bakery အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း ၄/၂၀၂၃ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်မောင်က မိသားစုတစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အသင်းအဖွဲ့အစည်းအစုအဖွဲ့ဖြစ်စေ၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းမှတ်ပုံတင်ပြီး လုပ်ငန်းရှင်တစ်ဦးဖြစ်လာသည်အထိ ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ကိတ်မုန့်၊ ပေါင်မုန့်အပါအဝင် မုန့်အမျိုးမျိုးပြုလုပ်ခြင်းများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကောလာဟလအန္တရာယ် တားဆီးကာကွယ်

ခင်သန်းမြင့်

■ ကောလာဟလသည် အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်းအရိုင်း ပေါ်ပေါက်တတ်သည်။ ထို့အတူ သတင်းများပျောက်ကွယ်နေချိန်တွင် ကောလာဟလများသည် နေရာအနှံ့ ပျံ့နှံ့နေတတ်သည်။ အများပြည်သူများက သတင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုချိန်တွင် သတင်းအပြည့်အဝ မပေးနိုင်သည့်အခါ ထိုလိုကွက်ကို ကောလာဟလက ဝင်ရောက်နေရာယူလာသည်။ ထိုအခါ မသမာသူများက မျိုးချ၍ ကောလာဟလသတင်းအမျိုးမျိုးကို ပျံ့နှံ့အောင် ဖြန့်ချိလေတော့သည်

“တီတီရေ၊ ပုဂ္ဂလိကဘဏ်မှာထည့်ထားတဲ့ သမီးတို့ ပိုက်ဆံလေးတွေ အစိုးရဘဏ်ကို ပြောင်းထည့်ဖို့ လိုမလားမသိဘူး”

နိုင်ငံတော်က ယခုထုတ်ဝေလိုက်သည့် ကျပ်နှစ်သောင်းတန် ငွေစက္ကူကိစ္စနှင့် ပတ်သက်ပြီး အခြေအမြစ်မရှိ ထွက်ပေါ်လာသည့် ကောလာဟလ သတင်းအချို့ကြောင့် တူမလေးက စိုးရိမ်ကြောင့်ကြစိတ်ဖြင့် ကျွန်မကိုဖုန်းဆက်၍ ဆွေးနွေးတိုင်ပင်လာသည်။

### လူမှုကွန်ရက်စာမျက်နှာကြည့်ရင်း အချိန်ကုန်နေသူများဖြစ်

သူတို့က သတင်းစာလည်းမဖတ်၊ မြန်မာ့ရုပ်မြင်သံကြားသတင်းလည်းမကြည့်၊ တစ်နေ့တစ်နေ့ ဖုန်းနှင့်မျက်နှာမခွာတမ်း လူမှုကွန်ရက်စာမျက်နှာ သက်သက်သာကြည့်ရင်း အချိန်ကုန်နေသူများဖြစ်သည်။

“ဟဲ့၊ မနေ့တစ်နေ့ကလေးတင် သက်ဆိုင်ရာက သတင်းစာရှင်းလင်းပွဲတွေ၊ အင်တာဗျူးတွေ၊ သတင်းထုတ်ပြန်ချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးနေတယ်လေ။ ကျပ်နှစ်သောင်းတန် အသစ်က အထိမ်းအမှတ်အနေနဲ့ အကန့်အသတ်နဲ့ ထုတ်ဝေတာဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုမရှိနိုင်ဘူး၊ မဖြစ်နိုင်ဘူး။ နောက်ပြီး လက်ရှိ တရားဝင် အသုံးပြုနေတဲ့ ငွေကြေးတွေကိုလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားမဝင်ငွေကြေးအဖြစ် ဘယ်တော့မှ သတ်မှတ်မှာမဟုတ်ဘူး။ အာမခံချက်ပေးပါတယ်ဆိုပြီး ပြောနေတယ်လေ”

“သိပါဘူး၊ သမီးတို့က ဟိုလူပြော၊ ဒီလူပြော၊ ဟိုရေး၊ ဒီရေးတွေဖတ်ပြီး လန့်လာလို့ ရှိစုမဲ့စုပိုက်ဆံလေးတွေကို ပုဂ္ဂလိကဘဏ်ကနေ အစိုးရဘဏ် ပြောင်းထည့်ထားမလားလို့ပါ”

“ဒါဆိုလည်း ဇူလိုင် ၂၅၊ ၂၆ ရက်ထုတ် အစိုးရသတင်းစာတွေသာ ရှာဖတ်ကြည့်ပြီး စဉ်းစားဆုံးဖြတ်ပေတော့။ ညည်းကို တစ်ဆက်တည်း ပြောရဦးမယ်၊ ဆန်တွေ ဆီတွေလည်းမလိုဘဲ ဝယ်စုမနေနဲ့ဦး။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် အရန်ဆန်ထဲက ကနဦး အိတ်ငါးသောင်းကို ဈေးကွက်ထဲ အမြန်ဆုံး ထည့်သွင်းရောင်းချသွားမယ်၊ လိုအပ်ရင် ထပ်မံတိုးမြှင့်ရောင်းချသွားမယ်။ သတင်းမှားတွေ၊ ကောလာဟလတွေကြောင့် စားသုံးသူတွေ စိုးရိမ်တကြီးနဲ့ ဆန်တွေဝယ်ယူစုဆောင်းခြင်း၊ စိုးရိမ်ပူပန်ခြင်းမဖြစ်ဖို့၊ လိုအပ်မှသာ ဝယ်ယူဖို့ ပြီးခဲ့တဲ့ ဇူလိုင် ၂၈ ရက်က သတင်းထုတ်ပြန်ကြေညာထားတယ်နော်။”

### ဈေးနှုန်းတက်ရိပ်ပြဖို့ ကြံစည်လုပ်ဆောင်

ကောလာဟလ၊ မြန်မာပြည်တွင် ထူးခြားဖြစ်စဉ်တစ်ခု ပေါ်ပေါက်လာလျှင် မသမာသူများ၊ ဝိသမလောဘသားများသည် ကောလာဟလကို အသုံးပြု၍ အိမ်ခြံမြေဈေးကွက်၊ ကားဈေးကွက်၊ ရွှေဈေးကွက်၊ ဒေါ်လာဈေးကွက်မှအစ ကုန်ဈေးနှုန်းအထိ လှုပ်လှုပ်နှင့် တက်ရိပ်ပြဖို့ ကြံစည်လုပ်ဆောင်လေ့ရှိသည်မှာ ခေတ်အဆက်ဆက် ထူးဆန်းသည့်ကိစ္စတစ်ခုတော့ မဟုတ်ပါချေ။

သို့သော် ယုံတတ်သူများကလည်း ယုံလေ့ရှိကြသည်။ အထူးသဖြင့် အကြားအမြင် ဗဟုသုတနှင့် ဆင်ခြင်တုံတရားနည်းပါးသူများ၊ ရိုးသားသူများက ပို၍အယုံလွယ်ကြသည်။ ကောလာဟလတစ်မျိုးစီတွင် သူ့ပရိသတ်နှင့်သူ ရှိစမြဲပင်။ ကုန်သည်ပွဲစားများကြားတွင်လည်းကောင်း၊ ကျောင်းသားလူငယ်များကြားတွင်လည်းကောင်း၊ စာပေ၊ ရုပ်ရှင်၊ ဂီတ စသည့်အနုပညာရှင်များကြားတွင်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ၊ ဝန်ထမ်းလောကစသည်ဖြင့် နယ်ပယ်အလိုက် သူ့ပရိသတ်နှင့်သူ ရှိကြသည်။ စိတ်ဝင်စားမှု မြင့်မားသည်နှင့်အမျှ ကောလာဟလသည် ပိုမိုပျံ့နှံ့လေ့ရှိသည်။

### ကောလာဟလ သုံးမျိုးသုံးစားရှိ

ကောလာဟလ သတင်းအမျိုးအစားများကို ယေဘုယျလေ့လာကြည့်လျှင် ကြောက်ရွံ့စိုးရိမ်မှုမှ ပေါ်ပေါက်လာသော ကောလာဟလ၊ အာဃာတ အမုန်းတရားမှ ပေါ်ပေါက်လာသော ကောလာဟလနှင့် မျှော်လင့်တမ်းတခြင်းမှ ပေါ်ပေါက်လာသော ကောလာဟလဟူ၍ သုံးမျိုးသုံးစားရှိကြောင်း တွေ့ရှိရပေမည်။

**ကောလာဟလသည် အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်းအရိုင်း ပေါ်ပေါက်တတ်သည်။ ထို့အတူ သတင်းများ ပျောက်ကွယ်နေချိန်တွင် ကောလာဟလများသည် နေရာအနှံ့ ပျံ့နှံ့နေတတ်သည်။ အများပြည်သူများက သတင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုချိန်တွင် သတင်းအပြည့်အဝ မပေးနိုင်သည့်အခါ ထိုလိုကွက်ကို ကောလာဟလက ဝင်ရောက်နေရာယူလာသည်။ ထိုအခါ မသမာသူများက မျိုးချ၍ ကောလာဟလသတင်းအမျိုးမျိုးကို ပျံ့နှံ့အောင် ဖြန့်ချိလေတော့သည်။**

### နိုင်ငံရေးအမြတ်ထုတ်လိုသူများက အခါအခွင့်ရတိုင်း ပြုလုပ်လေ့ရှိကြ

နိုင်ငံရေးအမြတ်ထုတ်လိုသူများက အခြေအနေများ ပိုမိုရှုပ်ထွေးအောင်လည်းကောင်း၊ မသမာသူများက ပြည်သူများတွေဝေအောင် ဝါဒဖြန့်ချိ၍လည်းကောင်း၊ စီးပွားရေးအမြတ်ထုတ်လိုသူများက ပြည်သူလူထု တုန်လှုပ်ချောက်ချားအောင်နှင့် ကုန်ဈေးနှုန်းများ ကမောက်ကမဖြစ်အောင်လည်းကောင်း၊ ပွဲလန့်လျှင် ဖျာခင်းလိုသူများက ပြည်သူလူထုကြား တည်ငြိမ်မှုပျက်ပြားပြီး ဖရိုဖရဲဖြစ်အောင်လည်းကောင်း ကောလာဟလ သတင်းအမျိုးမျိုးကို လွှင့်တတ်ကြသည်။ ပြည်သူတို့၏ စိတ်ဓာတ်ကိုပျက်ပြားအောင် ဖျက်ဆီးရာတွင် အဖျက်သမားများသည် “ကောလာဟလ”ကို လက်နက်ကောင်း တစ်ခုသဖွယ် အသုံးပြုလေ့ရှိကြသည်။ အဖျက်သမားတို့သည် ကောလာဟလ မမှန်သတင်းများကိုသာ အစွမ်းဆုံးလက်နက်အဖြစ် ကိုင်စွဲကာ ပြည်သူလူထုအတွင်း တွေဝေအောင်၊ ယိမ်းယိုင်အောင်၊ ချောက်ချားအောင်၊ အထင်လွဲမှားအောင်၊ သဘောကွဲပြားအောင်၊ ခြေထိုးခြင်း၊ ခြေရှုပ်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းများကို အခါအခွင့်ရတိုင်း ခေတ်အဆက်ဆက် ပြုလုပ်လေ့ရှိကြသည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံများသည်လည်း ကောလာဟလ သတင်းဖြန့်ချိမှုကို အရေးပါအရာရောက်သော လက်နက်တစ်ခုအဖြစ် ယနေ့တိုင် အသုံးပြုလျက်ရှိနေကြဆဲပင်။ ဝါဒမတူညီသည့်နိုင်ငံများ၏ နိုင်ငံရေးလူမှုရေးများကို လိုလျှင် လိုသလိုတစ်မျိုး၊ မလိုလျှင် မလိုသလိုတစ်မျိုး ပြောဆိုထုတ်လွှင့်တတ်ကြသည်။

အုပ်ချုပ်သူအစိုးရကို မုန်းတီးနေသူများကလည်း နိုင်ငံရေးနှင့်ပတ်သက်၍ အမနာပစကားများ၊ မုန်းတီးမှုအပေါ် အခြေခံပေါက်ဖွားလာသော ကောလာဟလများ၊ ဇဝနဉာဏ်ရွှင်ရွှင်နှင့် ဝေဖန်ပြောဆိုသည့် ကောလာဟလဟာသပြက်လုံးများဖြင့် လူအများအကြား ပျံ့နှံ့အောင် ဖြန့်ချိတတ်ကြသည်။

အီဂျစ်နိုင်ငံတွင် သမ္မတ နာဆာက ဆိုရှယ်လစ်စနစ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်တွင် ဟာသတစ်ပုဒ် ပေါ်ပေါက်ခဲ့ဖူးသည်။

အိမ်ထောင်ရှင်ယောကျ်ားတစ်ဦးသည် အိမ်တွင် ဟင်းချက်စားရန် ဟင်းလျာမရှိ၍ ငါးမျှားထွက်ခဲ့ရာ ငါးကြီးတစ်ကောင်ဖမ်းမိသဖြင့် ဝမ်းသာအားရ အိမ်ပြန်လာသည်။ အိမ်ရောက်သည့်အခါတွင် မိန်းမဖြစ်သူကို . . .

“မိန်းမရေ ငါးကို ကြော်စားကြရအောင်”

“ကြော်စားရအောင် ဆီမရှိဘူးရှင့်”

“ဒီလိုဆို မီးကင်စားကြတာပေါ့”

“ကင်စားရအောင် မီးသွေးလည်းမရှိဘူးရှင့်”

ဆိုတော့ ယောကျ်ားဖြစ်သူလည်း စိတ်ဆိုးပြီး ငါးကို ရေထဲပြန်လွှတ်လိုက်ရာ ငါးက “သမ္မတနာဆာ ကျန်းမာချမ်းသာပါစေ”ဟု ဆုတောင်းပြီး ပျော်ရွှင်စွာ ကူးသွားသည်ဟု ဆိုသည်။

ဆိုရှယ်လစ်နိုင်ငံသို့ ကူးပြောင်းခါစ အီဂျစ်နိုင်ငံတွင် တွေ့ကြုံနေရသည့် ပစ္စည်းရှားပါးမှုကို ပြက်ရယ်ပြုသည့်သဘောဖြင့် ပြက်လုံးထုတ်ခဲ့ကြခြင်းဖြစ်သည်။ ဆိုရှယ်လစ်စနစ်ကို မလိုလားသူများ၊ မနှစ်သက်လက်မခံလိုသူများက ဆိုရှယ်လစ်စနစ်ကို ရှုတ်ချသည့်သဘောဖြင့် သမ္မတ နာဆာကို လှောင်ပြောင်ပြောဆိုခဲ့ခြင်းလည်းဖြစ်သည်။

တစ်ဖန် သမ္မတနာဆာ ကွယ်လွန်သွားပြီးနောက် ဒုတိယသမ္မတ အန်ဝါဆဒတ် သမ္မတရာထူးကို ဆက်ခံသည့်အချိန်တွင်လည်း မလိုသူများက “အီဂျစ်နိုင်ငံသားတွေအဖို့ တစ်ချိန်တည်းမှာ အဖြစ်ဆိုးကြီးနှစ်ရပ်နဲ့ တစ်ပြိုင်တည်းကြုံကြရပြီ။ တစ်ခုက သမ္မတကြီး နာဆာ ကွယ်လွန်သွားတာဖြစ်ပြီး တစ်ခုက ဆဒတ်ဆိုတဲ့လူကို သမ္မတအဖြစ် တင်မြှောက်လိုက်ရတာဖြစ်တယ်”ဟု ဟာသမမြောက်သည့် ပြက်လုံးများဖြင့် အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်စကားဝိုင်းများတွင် သိက္ခာချခဲ့ကြပြန်သည်။

### ဆက်စပ်ပြောဆိုရာမှ တစ်စတစ်စကျယ်ပြန့်လာ

ဆိုရလျှင် စိတ်ဝင်စားမှု၊ ယုံကြည်မှုနယ်ပယ် ကျယ်ဝန်းလာသည်နှင့်အမျှ ကောလာဟလ အမျိုးအစားသည်လည်း များပြားလာလေ့ရှိသည်။ ရိုးရိုးသာမန်ပြည်သူများသည် ဖြစ်ရပ်မှန်သတင်း အပြည့်အစုံကို မရရှိသောအခါတွင် မိမိ၏မူရင်းဓာတ်ခံအယူအဆနှင့် ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း၊ မျှော်လင့်တမ်းတခြင်းများဖြင့် ဆက်စပ်၍ပြောဆိုရာမှ ကောလာဟလသည် တစ်စတစ်စ ကျယ်ပြန့်လာသည်။

❖ ကောလာဟလသတင်းများသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတည်ငြိမ်ရေးတို့ကို ထိခိုက်ပျက်ပြားစေနိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြဿနာ၏အရင်းခံကို ပစ်မှတ် ပရိသတ်နားလည်စေရန် ဖြေရှင်းချက်များနှင့် ရှင်းလင်းတင်ပြခြင်း၊ ကောလာဟလညွှတ်ကွင်းသို့ ပြည်သူများ မသက်ဆင်းမိစေရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးခြင်း၊ ကောလာဟလသတင်း၏ အခြေအမြစ်ကို အမြန်ဆုံးရှာဖွေဖော်ထုတ်ချေဖျက်ခြင်း စသည့်နည်းလမ်းများဖြင့် တားဆီးကာကွယ်ကြရသည်

**ကောလာဟလသတင်းများသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတည်ငြိမ်ရေးတို့ကို ထိခိုက်ပျက်ပြားစေနိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြဿနာ၏ အရင်းခံကို ပစ်မှတ် ပရိသတ်နားလည်စေရန် ဖြေရှင်းချက်များနှင့် ရှင်းလင်းတင်ပြခြင်း၊ ကောလာဟလ ညွှတ်ကွင်းသို့ ပြည်သူများ မသက်ဆင်းမိစေရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးခြင်း၊ ကောလာဟလသတင်း၏ အခြေအမြစ်ကို အမြန်ဆုံးရှာဖွေဖော်ထုတ်ချေဖျက်ခြင်း စသည့်နည်းလမ်းများဖြင့် တားဆီးကာကွယ်ကြရသည်။**

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၃ ခုနှစ် ဩဂုတ်လ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဇူလိုင်လတတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဩဂုတ်လ ပထမ ၁၀ ရက်ပတ်အတွင်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၁၀ မီလီမီတာ)မှ (၁၉ မီလီမီတာ)အတွင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂၀ မီလီမီတာ)မှ (၂၉ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၃၀ မီလီမီတာ)မှ (၃၉ မီလီမီတာ)အတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၄၀ မီလီမီတာ)မှ (၄၉ မီလီမီတာ)အတွင်း အသီးသီး ရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီး ရှိနိုင်ပါသည်။

**မိုး/ဇလ**

## ကျိုက်ထို၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန် - မော်လမြိုင်ကားလမ်း ရေကျော်

**ကျိုက်ထို ဩဂုတ် ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၁ ရက်က ရန်ကုန် - မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ် (၁၀၆/၂) (၁၀၆/၃)အကြားရှိ မြို့နယ်တရားရုံးရှေ့ ကားလမ်းမကြီးပေါ်တွင် ရေခြောက်လက်မခန့်နှင့် အလျားပေ ၃၀၀ ခန့် ကားလမ်းရေကျော်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကားလမ်းရေကျော်မှုကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသူနှင့် အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်း၍ လမ်းကြောင်းရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ပြန်/ဆက်)**



## မအူပင်မြို့နယ်၌ ငါးဆေးထိုးသားဖောက်ခြင်း သင်တန်းပို့ချ

**မအူပင် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တလုပ်လှ ငါးလုပ်ငန်းစခန်းမှ ငါးဆေးထိုး သားဖောက်ခြင်း သင်တန်း(၁/၂၀၂၃)ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က အဆိုပါငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ခေတ္တတိုင်းဦးစီးမှူး ဦးမြသိန်းနှင့် မအူပင်ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မအူပင်တက္ကသိုလ် သတ္တဗေဒ ဌာနမှူး နှင့် သတ္တဗေဒဘာသာရပ် ကျောင်းသား ကျောင်းသူများနှင့် သင်တန်းဆရာ ဆရာမများ တက်ရောက်သည်။



သင်တန်းတွင် ငါးဆေးထိုး သားဖောက်ခြင်း ဘာသာရပ်ကို တလုပ်လှ ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်အေးအေးမင်းက လည်းကောင်း၊ ရေအရည်အသွေး စစ်ဆေးတိုင်းတာခြင်း ဘာသာရပ်ကို ဖျာပုံငါးသင်တန်းကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်ဦးက လည်းကောင်း၊ ငါးရောဂါကာကွယ်ထိန်းသိမ်းခြင်း ဘာသာရပ်ကို ညောင်တုန်းငါးရောဂါစစ်ဆေးရေးခတ်ခွဲခန်းမှူး ဒေါ်ခင်စန်းလွင်ကလည်းကောင်း အသီးသီး စာတွေ့ပို့ချပေးခဲ့ပြီး သင်တန်းဒုတိယနေ့တွင် ငါးဆေးထိုး သားဖောက်ခြင်းကို လက်တွေ့ဘာသာရပ်အဖြစ် ငါးဆေးထိုး သားဖောက်ရန် မျိုးငါးများ ပိုက်ဆွဲခြင်း၊ မျိုးငါးရွေးချယ်ခြင်း ကျောင်းသား ကျောင်းသူများက လက်တွေ့ငါးဆေးထိုးသားဖောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ နှစ်ရက်သင်တန်းသို့ မအူပင်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူများနှင့် ဆရာမ စုစုပေါင်းသင်တန်းသား ၃၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ မိုးစပါးစိုက်ဧက ၄၆၀၀ ကျော် စိုက်ပျိုးရန် လျာထား

**မိတ္ထီလာ ဩဂုတ် ၂**

မိတ္ထီလာမြို့နယ်၌ ဆည်ရေကန်ရေသောက်စနစ်ဖြင့် မိုးစပါးစိုက်ဧက ၄၆၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်ထိန်းသိမ်းမှုအောက်ရှိ ဆည်တမံကန်များဖြင့် မိုးစပါးများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မိုးစပါးများကို ဆည်ရေ ကန်ရေဖြင့် စိုက်ပျိုးသွားရန်၊ မိတ္ထီလာကန်ရေဖြင့် ဧက ၂၅၅၀ ၊ မုန်တိုင်ဆည်ရေဖြင့် ၃၃၃ ဧက၊ ချောင်းကောက်ဆည်ရေဖြင့် ၁၂၅၆ ဧက၊ မြင်တော်ကန် ကန်ရေဖြင့် ၁၁၃ ဧက၊ ညောင်ကုန်းဆည်ရေဖြင့် ၁၄၅ ဧက ၊ လက်ခုပ်ပံဆည်ရေဖြင့် ၁၆၄ ဧက ၊ ရှမ်းမငယ်ဆည်ရေဖြင့် ၄၉ ဧကတို့ကို စိုက်ပျိုးနိုင်ရန် သတ်မှတ်လျာထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

*စာမျက်နှာ ၁၀ မှ*

**ထုတ်လွှင့်လိုက်သည့် သတင်းသည် လူအများက လက်ခံယုံကြည်လာ**

တိကျသော သတင်းမှန်များ ထုတ်လွှင့်ခြင်းဖြင့် လူအများ၏ စိတ်တွင်းမရှင်းလင်း၊ မကွဲပြားမှုများ ပျောက်ကွယ်သွားသည်နှင့်အမျှ ကောလာဟလ ပျံ့နှံ့မှုအရှိန်သည်လည်း တန့်သွားပေမည်။ ထုတ်လွှင့်လိုက်သည့်သတင်းသည် ယုံကြည်လောက်သောဌာနမှ ဖြစ်သည်နှင့်အမျှ လူအများက လက်ခံယုံကြည်လာကြမည်ဖြစ်သည်။ ယင်းကဲ့သို့လူများစုက လက်ခံယုံကြည်လာခြင်းဖြင့် ယင်းပုဂ္ဂိုလ်များကြားတွင် ကောလာဟလသည် ကင်းစင်ပပျောက်သွားမည်ဖြစ်သည်။

ဝိသမလောဘသားများ၊ မသမာသူများ၏ ကောလာဟလသတင်းဖြန့်လွှင့်မှုများကိုသက်ဆိုင်ရာ တာဝန်ရှိသူများသာမက နိုင်ငံသားတိုင်းကလည်း ကြားရာအရပ်၊ ရောက်ရာနေရာမှ တာဝန်သိသိဖြင့် ခြေဖျက်ကြရန် လိုအပ်ပါသည်။

အဘယ်ကြောင့်ဆိုသော် **အေသင်မြို့ရှိ လုလင်လေးများကို သူပုန်ထရန်မြှောက်ပေးသည်ဆိုသည့် ကောလာဟလကြောင့် ပညာရှိ ဆိုကရေးတီးသည် အသတ်ခံခဲ့ရသည်။ ဆင်းရဲနွမ်းပါးသည့် မုဆိုးမတစ်ဦး အိမ်ရှေ့တွင် ဆန်ပြာနေစဉ် လေပွေတိုက်ခတ်မှုကြောင့် လွင့်ပါသွားသော ဆန်ကောနောက်သို့** "ငါ့ဆန်ကော၊ ငါ့ဆန်ကော"ဟု အော်ဟစ်၍ ပြေးလိုက်ရာမှ နဂိုကတည်းက တိုင်းပြည်အတွင်း ဆူဆူပူပူ၊ စိတ်ဝမ်းကွဲမှုများကြောင့် ကျီးလန့်စာစား ထိတ်လန့်နေကြသည့် တိုင်းသူပြည်သားများမှာ "ငါ့ဆန်ကော" စစ်တပ်ကြီးလာပြီဟု ယုံမှတ်မှားပြီး အုတ်အော်သောင်းတင်း ထွက်ပြေးကြရာကအစ သရေခေတ္တရာပြည်ကြီး ပျက်စီးခဲ့ရသည် မဟုတ်ပါလား။ ။

# တိုင်းဒေသကြီး/ပြည်နယ်များရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းခွင့်ပြုပေးလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)အထိမ်းအမှတ်အားဖြင့် ဩဂုတ် ၁ ရက်က တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်စခန်းများတွင် ပြစ်ဒဏ်ကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူများ၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်းနှင့် ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုပေးခဲ့ရာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် လွတ်ငြိမ်းခွင့်ပြုပေးနေမှုများကို စုစည်းဖော်ပြအပ်ပါသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သွားသူ အကျဉ်းသား၊ အကျဉ်းသူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် စားစရိတ်၊ ခရီးစရိတ်တို့ကို ပေးအပ်၍ စနစ်တကျ လွတ်ငြိမ်းခွင့်ပြုပေးခဲ့ရာ ညောင်ရွှေအကျဉ်းထောင်မှ ၁၇၀၊ ကျိုင်းတုံအကျဉ်းထောင်မှ ၆၂ ဦး၊ လားရှိုးအကျဉ်းထောင်မှ ၁၀၁ ဦး၊ သီပေါအကျဉ်းထောင်မှ ၂၁ ဦး၊ မိုင်းဆတ်အကျဉ်းထောင်မှ ကိုးဦး၊ တောင်ကြီးအချုပ်ထောင်မှသုံးဦး၊ စခန်းအသီးသီးမှ ၈၈ ဦး စုစုပေါင်း ၄၅၄ ဦး လွတ်မြောက်ခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မွန်ပြည်နယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းဦးစီးဌာန မွန်ပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်း သား ၄၁၀၊ အကျဉ်းသူ ၉၀ စုစုပေါင်း ၅၀၀ လွတ်မြောက်သည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသည့် အကျဉ်းသားအကျဉ်းသူ ၅၀၀ ကို ထောင်လွတ်လက်မှတ်များ ထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်နှင့် အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းနှင့် စားစရိတ် ကျပ် ၃၈၉၀၀၀၊ ခရီးစရိတ် ကျပ် ၁၃၃၄၂၀၉၊ လုပ်အားရှင်ခံစားခွင့် ကျပ် ၅၄၂၈၂၀၀ စုစုပေါင်းကျပ် ၇၁၅၁၄၀၉ ကို ထုတ်ပေး၍ လွတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျိုက်ထို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ကျိုက်ထိုမြို့နယ် အကျဉ်းစခန်းသုံးခုတို့မှ အကျဉ်းသား၊ အကျဉ်းသူ ၁၀၆ ဦးအား ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက လွတ်ပေးခဲ့သည်။

ထိုသို့လွတ်ပေးရာတွင် မုပ္ပလင်အမျိုးသားကုန်ထုတ်စခန်း အကျဉ်းထောင်မှ ၂၉ ဦး၊ မုပ္ပလင်အမျိုးသမီး ကုန်ထုတ်စခန်း အကျဉ်းထောင်မှ ၃၉ ဦး၊ အင်္ဂဘိုရော်ဘာစိုက်ပျိုးရေးစခန်း(ရွှေဖြူ)အကျဉ်းထောင်မှ ၃၈ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၁၀၆ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ခြင်းဖြစ်သည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၂၅၆ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထိုသို့လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၃၈ ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၆၄ ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ ၄၉ ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၁၀၅ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၂၅၆ ဦး လွတ်မြောက်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရွှေဘို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၄ ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက လွတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား ၇၇ ဦး၊ အကျဉ်းသူခုနစ်ဦး စုစုပေါင်း ၈၄ ဦးအား အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး အောင်ရာဇာဖြိုး၊ ရွှေဘိုအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်လှိုင်တို့က ဆုံးမစကားများ ပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား ၃၂ ဦး နှင့် အကျဉ်းသူ သုံးဦး စုစုပေါင်း၃၅ ဦးကို ဩဂုတ်၁ ရက်က လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ရရှိသူများအား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် အကျဉ်းထောင်တာဝန်ခံအရာရှိတို့က ဆုံးမစကားများပြောကြားပြီးနောက် ထောင်လွတ်လက်မှတ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခရီးစရိတ် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ထားဝယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၄၄ ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်ကြောင်း သိရသည်။

ထိုသို့လွတ်ပေးရာတွင် လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား ၄၁ ဦး အကျဉ်းသူသုံးဦးအား ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူး တင်ဌေးနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့ကြကာ ထောင်လွတ်လက်မှတ်နှင့်အတူ သတ်မှတ်ခရီးစရိတ်များအား ထုတ်ပေးပြီး စနစ်တကျလွတ်ပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## သာယာဝတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် သာယာဝတီဗဟို အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၅၄ ဦး အား ဩဂုတ် ၁ ရက်က လွတ်ပေးခဲ့သည်။ ထို့သို့လွတ်ပေးရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား၂၂၅ဦး၊ အကျဉ်းသူ ၂၉ ဦး စုစုပေါင်း ၂၅၄ ဦးတို့အား သာယာဝတီအကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်နှင့် တာဝန်ရှိသူများက စနစ်တကျ လွတ်ပေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## မြင်းခြံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံဗဟိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား ၁၀၉ ဦးနှင့် အကျဉ်းသူ ၂၁ ဦး စုစုပေါင်း ၁၃၀ကို ယမန်နေ့က လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ထွန်းမြက ဩဝါဒစကားများ ပြောကြားသည်။ ထို့နောက် မြင်းခြံဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချိုက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁(၁) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးကြောင်း လက်မှတ်နှင့် အသိပညာပေးလက်ကမ်းစာစောင်များ၊ လွတ်လူစားစရိတ်နှင့် ခရီးစရိတ်များ ပေးအပ်သည်။

**ကျော်စွာ(မြင်းခြံ)**



## မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနမှ လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၇၁ ဦးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက နန်းတော်ကုန်းရပ်ကွက်ရှိ အကျဉ်းထောင်မှ လွတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား၊ အကျဉ်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အကျဉ်းထောင်တာဝန်ရှိသူများက မိတ္ထီလာအကျဉ်းဦးစီးဌာနရုံးခန်း၌ ဆုံးမဩဝါဒစကားများ ပြောကြားပြီး အကျဉ်းသား၊ အကျဉ်းသူများအား လမ်းစရိတ်အဖြစ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းနောက် မိတ္ထီလာမြို့နယ်အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်မှ အကျဉ်းသား ၅၆ ဦးနှင့် အကျဉ်းသူ ၁၅ ဦးတို့ကို လွတ်ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသားများအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အမိန့်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား ၁၅၃ ဦး၊ အကျဉ်းသူ ၄၁ ဦး စုစုပေါင်း ၁၉၄ ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက လွတ်ပေးခဲ့သည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား၊ အကျဉ်းသူ ၁၉၄ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် တာဝန်ရှိသူများက မြောင်းမြအကျဉ်းထောင်မြရောခန်းမ၌ ဆုံးမစကားပြောကြားခဲ့ပြီး ထောင်ပိုင်ကြီးမှ ထောင်လွှတ်လက်မှတ်နှင့် ခရီးစရိတ်၊ စားစရိတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

## မအူပင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား ၉၃ ဦးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ဩဂုတ် ၁ ရက်က လွတ်ငြိမ်းခွင့်ပြုပေးရာ မိသားစုများက ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် သရက်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၂၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းခွင့် ရရှိသူများအား ယမန်နေ့ မွန်းလွဲ ၂ နာရီက အကျဉ်းထောင် ဓမ္မာရုံ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တွေ့ဆုံ၍ ဆုံမစကားပြောကြားကာ အကျဉ်းသား ၁၁၉ ဦး၊ အကျဉ်းသူ ၁၀ ဦးတို့အား သက်ဆိုင်ရာကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တရုတ်နိုင်ငံခြားရေးဝန်ကြီးသစ် ဝမ်ယိကို ဝါရှင်တန်သို့ ဖိတ်ကြားထားကြောင်း အမေရိကန်အတည်ပြု

**ဝါရှင်တန် ဩဂုတ် ၂**

အသစ်ခန့်အပ်ထားသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကို ဝါရှင်တန်သို့ တရားဝင်ဖိတ်ကြားမှု ပြုလုပ်လိုက်ကြောင်း အမေရိကန်အစိုးရက ပြောသည်။

ပြီးခဲ့သည့်လက နိုင်ငံခြားရေးဝန်ကြီးဟောင်း ကျင်ဂန်းကို ရာထူးမှ ထုတ်ပယ်လိုက်ပြီးနောက် ဝါရင့် သံတမန် ဝမ်ယိကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြန်လည်ထမ်းဆောင်စေခဲ့ခြင်းဖြစ်သည်။ ယခင်ရက်က ဝါရှင်တန်တွင်ပြုလုပ်သော နှစ်နိုင်ငံ အကြီးတန်းသံတမန်အစည်းအဝေးအတွင်း ယခင် ကျင်ဂန်းအား ဖိတ်ကြားထားမှုကို ဝမ်ယိထံ ထပ်မံကမ်းလှမ်းဖိတ်ကြားလိုက်ခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မက်သရူး မီလ်လာက ဩဂုတ် ၁ ရက်တွင် သတင်းထောက်များကို ပြောခဲ့သည်။

ဇွန်လတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် ပေကျင်းသို့ သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျင်ဂန်းကလည်း ဝါရှင်တန်သို့ လာရောက်ရန် ထိုစဉ်က သဘောတူခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ကျင်ဂန်းကို ၎င်း၏ ရာထူးမှထုတ်ပယ်ခဲ့ပြီး ဝမ်ယိဖြင့် အစားထိုးခဲ့သည်။

ဝမ်ယိ၏ ခရီးစဉ်နှင့်ပတ်သက်ပြီး လာရောက်မည့်နေ့ရက်ကို မစီစဉ်ရသေးသော်လည်း တရုတ်နိုင်ငံအနေဖြင့် အဆိုပါ ဖိတ်ကြားကမ်းလှမ်းမှုကို လက်ခံလိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**



# တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းကြောင့် သေဆုံးသူ ၂၃ ဦးအထိ ရှိလာ

**ဆိုးလ် ဩဂုတ် ၂**

တောင်ကိုရီးယားနိုင်ငံ၌ ယခုနှစ် နွေရာသီအတွင်း အပူလှိုင်းကြောင့် သေဆုံးသူဦးရေမှာ ၂၃ ဦးအထိ ရှိလာသည်ဟု ယွန်ဟပ်သတင်းအေဂျင်စီက ဩဂုတ် ၂ ရက်တွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၁ ရက်တွင် အပူလျှပ်ခြင်းကြောင့် နှစ်ဦးသေဆုံးခဲ့ရာ သေဆုံးသူ စုစုပေါင်း ခန့်မှန်းခြေ ၂၃ ဦး အထိ ရှိလာသည်။ အဆိုပါပမာဏမှာ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် သုံးဆပိုမိုများပြားလာခြင်းဖြစ်သည်။



တောင်ကိုရီးယား၌ ပြင်းထန်သော အပူချိန်ကို အန်တုကာ သွားလာနေကြသူများကို တွေ့ရစဉ်။

အလွန်ပြင်းထန်သည့် အပူချိန်အောက်တွင် အပြင်ထွက် အလုပ်လုပ်ကိုင်သည့် သက်ကြီးရွယ်အိုလယ်သမား အများစု သေဆုံးကြခြင်းဖြစ်သည်။ မြောက်ပိုင်း ဂီယွန်ဆန်းပြည်နယ်၌ အပူလှိုင်းရိုက်ခတ်မှု အများဆုံးဖြစ်ပြီး အဆိုပါပြည်နယ်၌ အပူလျှပ်မှုကြောင့် သေဆုံးသူ ၁၀ ဦးထက် မနည်းရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် လတ်တလောတွင် ပြင်းထန်သည့် နေ့အပူချိန်နှင့် ကြုံတွေ့နေရပြီး တိုင်းပြည်အတွင်း အချို့သောနေရာ အစိတ်အပိုင်းများတွင် အပူချိန် ၃၅ ဒီဂရီ ဆဲလ်စီးယပ်စ်ဝန်းကျင်ရှိသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံတောင်ပိုင်း၌ အင်အားပြင်း ခါနွန်မုန်တိုင်းကြောင့် အဘိုးအိုတစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၂**

အင်အားပြင်း ခါနွန် တိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါသို့ အလျင်အမြန်ချဉ်းကပ် တိုက်ခတ်နေချိန်တွင် မုန်တိုင်းအရှိန်ကြောင့် အသက် ၉၀ အရွယ် အဘိုးအိုတစ်ဦးသေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

မုန်တိုင်းနှင့်အတူ ဖြစ်ပေါ်လာသော လေပြင်းတိုက်ခတ်မှုများကြောင့် အိုကီနာဝါခရိုင်ရှိ အဘိုးအိုနေအိမ်ကားဂိုဒေါင်ပြိုကျခဲ့ရာ အဘိုးအိုမှာ အပျက်အစီးများကြား ပိတ်မိနေခဲ့ပြီးနောက် ဆေးရုံသို့ပို့ဆောင်ထားစဉ်ဆေးရုံ၌ သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ဆက်လက်အားကောင်းစွာ တိုက်ခတ်ဦးမည်ဖြစ်သောကြောင့် လေပြင်းတိုက်ခတ်ခြင်းများ၊ မုန်တိုင်းဒီရေများနှင့် လှိုင်းကြီးခြင်းများကို သတိထားကြရန် ဂျပန်မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် မုန်တိုင်းဖြစ်သော ခါနွန်သည် အင်အားကောင်းစွာ ဆက်လက် တိုက်ခိုက်ဦးမည်ဟု မျှော်လင့်ရသော်လည်း အရှေ့တရုတ်ပင်လယ်တွင် အင်အားလျော့နည်းသွားမည်ဟု ခန့်မှန်းရသည်။



သို့သော်လည်း မုန်တိုင်းအရှိန်ကြောင့် အိုကီနာဝါတွင် လေပြင်းတိုက်ခတ်မှုများနှင့် လှိုင်းကြီးခြင်းများ ဆက်လက်ဖြစ်ပေါ်ဦးမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာနက ဖော်ပြထားသည်။

ဩဂုတ် ၃ ရက်မွန်းလွဲအထိ ၂၄ နာရီအတွင်း အိုကီနာဝါ၌ မိုးရေချိန် ၂၀၀ မီလီမီတာအထိ ရောက်ရှိနိုင်ပြီး အာမာမီ-အိုရှီမာကျွန်း၌ မိုးရေချိန် ၁၂၀ မီလီမီတာအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အာကာသစခန်းသို့ အာကာသယာဉ်မှူးများ စေလွှတ်မည့် ရက်စွဲအသစ်ကို နာဆာကြေညာ

**ဖလော်ရီဒါ ဩဂုတ် ၂**

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ ဩဂုတ် ၂၁ ရက်တွင် အာကာသယာဉ်မှူးများလိုက်ပါမည့် အာကာသယာဉ်လွှတ်တင်သွားရန် သတ်မှတ်ထားကြောင်း အမေရိကန် အာကာသ အေဂျင်စီ နာဆာ ကပြောသည်။

အဆိုပါ အာကာသယာဉ်မှူးများထဲတွင် ဂျပန်နိုင်ငံမှ အာကာသယာဉ်မှူး ဖူရူကာဝါ ဆာတိုရှီလည်း ပါဝင်သည်ဟု သိရသည်။ ယခင်က လွှတ်တင်မည့်ရက်ကို ဩဂုတ် ၁၇ ရက်ဟု သတ်မှတ်ထားရာမှ အာကာသယာဉ်လွှတ်တင်မည့် နေရာတွင် ပြင်ဆင်ရေးလုပ်ငန်းများအတွက် အချိန်ပေးရန်အတွက် အာကာသယာဉ်လွှတ်တင်မည့်ရက်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစင်တာမှနေ၍ လွှတ်တင်သွားမည်ဖြစ်သည်။ ဖူရူကာဝါနှင့်အတူ အမေရိကန်၊ ဒိန်းမတ်နှင့် ရုရှားတို့မှ အာကာသယာဉ်မှူးများလည်း လိုက်ပါမည်ဟုသိရသည်။ **အင်န်အိန်ချ်ကေ**

# တောင်ဆူဒန်၌ စားနပ်ရိက္ခာအကျပ်အတည်း မဖြစ်ပွားစေရန် ကုလအေဂျင်စီများ သတိပေး

**ဂျူဘား ဩဂုတ် ၂**

ကုလသမဂ္ဂ အစားအသောက်နှင့် စိုက်ပျိုးရေးအေဂျင်စီမှ အကြီးအကဲများသည် တောင်ဆူဒန်နိုင်ငံသို့ သုံးရက်ကြာသွားရောက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ခရီးစဉ်အဆုံးသတ်ခဲ့သည်။ တိုင်းပြည်အတွင်း ဆိုးရွားသည့်စားနပ်ရိက္ခာအကျပ်အတည်းကို ရှောင်ရှားနိုင်ရေး ရင်းနှီးမြှုပ်နှံမှုများတိုး၍ လုပ်ဆောင်ကြရန် တောင်းဆိုခဲ့သည်။

**မတည်ငြိမ်မှုများကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်နိုင်**

တောင်ဆူဒန်နိုင်ငံ၏ စားနပ်ရိက္ခာ၊ ရာသီဥတုနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများတွင် မတည်ငြိမ်မှုများကြောင့် တိုင်းပြည်အတွင်း လူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် ဘဝများ ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည်ဟု ကုလသမဂ္ဂအစားအသောက်နှင့်စိုက်ပျိုးရေးအဖွဲ့အစည်း (အက်ဖ်အေအို)၊ အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့က သတိပေးထားသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေး ထိခိုက်မှုများရှိလာ**

တောင်ဆူဒန်နိုင်ငံသည် အရှေ့အာဖရိက၏ စပါးကျီဖြစ်နိုင်သော်လည်း ရာသီဥတုပြောင်းလဲမှု၊ စိုက်ပျိုးရေးအခြေခံပစ္စည်းများ နိမ့်ပါးမှုနှင့် မတည်ငြိမ်မှုများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အစားအသောက်လုပ်ငန်းတွင် ထိခိုက်မှုများရှိလာသည်ဟု အက်ဖ်အေအိုမှ ညွှန်ကြားရေးမှူးချုပ် ကျူဒေါင်ယုက ပြောသည်။

**ဆင်ဟွာ**

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် အတွင်းရှိ မြို့နယ်များ၌ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (နောက်ဆုံးပတ်) တွင် စပါး/ဆန် ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသ ကြီးများသို့ ဆန်စီးထွက်မှုအနေ ဖြင့် ဇူလိုင်လ (တတိယပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၅၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်း အိတ်ရေ ၅၆၅၀၀၊ တန်အားဖြင့် ၂၈၂၅ တန် စီးထွက်ခဲ့ကြောင်း၊ ယခုအပတ် ဆန်စီးထွက်မှုအနေ ဖြင့် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်း အိတ်ရေ ၅၆၀၀၀၊ တန်အားဖြင့် ၂၈၀၀ တန်စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၀၀၊ တန်အားဖြင့် ၂၅ တန် လျော့နည်း စီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၌ ဇူလိုင်လ (နောက်ဆုံးပတ်) တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၀၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ် လျှင် ကျပ် ၁၀၈၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

**DOCA (စစ်ကိုင်း)**

# လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၃၁-၇-၂၀၂၃ မှ ၁-၈-၂၀၂၃ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာတွင် ပို့ကုန်ပိုင်းတွင် ရော်ဘာ ၅၆ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။ ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေ ဖြင့် ဆန် တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ် တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်း တစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ရော်ဘာ RSS-3 တစ်တန်လျှင် ဒေါ်လာ ၁၂၅၀၊ Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာရှိသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ပိတ်လိပ် ၁၅ ဒသမ ၃၀ တန်၊ ပီနံအိတ် ၆၃ ဒသမ ၀၀ တန်၊ ချည် ၂၅ ဒသမ ၇၀ တန်၊ မြက်ခင်းတု ၇ ဒသမ ၅၀ တန်၊ ပလတ်စတစ်ဖျာ ၁၅ ဒသမ ၀၀ တန်နှင့် ကုန်စုံ ၅၈ ဒသမ ၂၈ တန်တို့ အများဆုံး တင်သွင်းနိုင်ခဲ့သည်။သွင်းကုန် ပစ္စည်းဈေးနှုန်းများအနေဖြင့် ဓာတ်မြေဩဇာ (Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀၊ ဓာတ်မြေဩဇာ (Compound Fertilizer) တစ်တန်လျှင် ဒေါ်လာ ၃၉၈ ဒေါ်လာ၊ ချည် တစ်တန်လျှင် ဒေါ်လာ ၆၅၀၊ ပလတ်စတစ်ဖျာ တစ်တန်လျှင် ဒေါ်လာ ၆၉၀၊ ပီနံအိတ် တစ်တန် လျှင် ဒေါ်လာ ၇၉၇ ဒေါ်လာ၊ ပိတ်လိပ် တစ်တန်လျှင် ဒေါ်လာ ၅၇၀ ရှိ ကြောင်း၊ ငွေကြေးဈေးကွက် အနေဖြင့် ဩဂုတ် ၁ ရက်အထိ တစ်ယွမ် လျှင် မြန်မာကျပ်ငွေ ၄၄၅ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

**DOT (လွယ်ဂျယ်)**

# မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ အဓိက တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၃၅ ဒသမ ၂၇ တန်၊ ကင်းမွန် ၁ ဒသမ ၈ တန်၊ ကဏန်း (အသေ) ၃ ဒသမ ၂ တန်၊ ဂျင်းခရု (အရှင်) ၈ ဒသမ ၇ တန်၊ ကျောက်ပုစွန် (အရှင်) ၀ ဒသမ ၁၅ တန်၊ ၄က်ပျောသီး ၃၅ တန်၊ ငရုတ်သီးစိမ်း ၀ ဒသမ ၆ တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၂ ဒသမ ၅ တန်၊ ပုစွန်စာ ၁၀ တန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာတို့ဖြစ်သည်။

မောတောင်နယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံငွေပေးချေမှုအနေဖြင့် ဘတ်စနစ် အသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ၃၁-၇-၂၀၂၃ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၂၀ ဘတ်၊ ၁ ဘတ်လျှင် မြန်မာ ငွေကျပ် ၉၈ ဒသမ ၀၄ ကျပ်ခန့်ရှိကြောင်း သိရသည်။

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပဲအမျိုးမျိုးနှင့် ရော်ဘာများ တင်ပို့

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၅၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂၂၉ သန်း၊ စုစုပေါင်း ကုန်သွယ် မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၄၈၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန် ပစ္စည်း ၁၀ မျိုးမှာ ပဲတီစိမ်း ၅၈၃၁ ဒသမ ၇၅ တန်၊ ရော်ဘာ ၂၆၂၁ ဒသမ ၅၀ တန်၊ ပဲယဉ်း ၃၈၀၀ ဒသမ ၁၈၈ တန်၊ မြေ ထောက်ပဲ ၅၈၆ တန်၊ ထောပတ်ပဲ ၇၁၂ ဒသမ ၆၄၁ တန်၊ ဆန်ကွဲ ၁၆၄၀ ဒသမ ၂၅ တန်၊ ရော်ဘာကြမ်း ၅၇၄ ဒသမ ၅၀ တန်၊ ပဲလွန်းဖြူ ၆၇၃ ဒသမ ၀၀ တန်၊ စွန်တာနီ ပဲ ၁၇၀ ဒသမ ၀၀ တန်နှင့် နိုင်လွန်ပဲ ၁၃၆ ဒသမ ၀၀ တန် တင်ပို့နိုင် ခဲ့သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည် များ၊ ဓာတ်မြေဩဇာ၊ စက်နှင့် စက် ပစ္စည်းများ၊ ဓာနှင့် ဓာထိုးထားသော ပစ္စည်းများ၊ ဘက်ထရီ အခြောက်များ၊ ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင် ရေးပစ္စည်းများ၊ အချိုမှုန့်များ၊ တာယာ နှင့် ကျွတ်များ တင်သွင်းနိုင်ခဲ့သည်။

**DOT(ချင်းရွှေဟော်)**

## ၂ - ၈ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၅၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၈၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၇၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၀၀ | | ၁၅၀၀၀ | ၇၉၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၃၀၀ | ၈၅၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၃၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၆၅၀ | | ၁၃၅၀၀ | ၈၄၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | ၂၇၀၀ | ၁၄၀၀၀ | ၈၃၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၈၆၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၈၀၀၀ | ၄၅၀ | ၇၈၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၈၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၄၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၄၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၆၇၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၊ မုံရွာတွင် ငွေကျပ် ၅၀၊ ကလေးတွင် ငွေကျပ် ၂၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်နှင့် ကလေးတွင် ငွေကျပ် ၁၀၀၊ ပဲဆီ တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၃၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လှိုင်ကော်နှင့် စစ်တွေတွင် ငွေကျပ် ၂၀၀၀၊ မုံရွာတွင် ငွေကျပ် ၂၀၀၊ (ကြူကုတ်စ)တစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၇၀၀၊ နနွင်းတက် တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် စစ်တွေတွင် ငွေကျပ် ၅၀၀၊ မြေပဲ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ငွေကျပ် ၂၀၀၊ နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၃၀၀၊ ရန်ကုန်တွင် ငွေကျပ် ၁၀၀၊ သကြားတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၇၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀၊ မန္တလေးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၀၀၀၊ စစ်တွေနှင့် ပဲခူးတွင် ငွေကျပ် ၁၀၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ ဝက်သား တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသောအီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့်ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၆၃ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၇၇ |
| 95 Ron | ၂၂၀၉ | ၂၂၈၇ |
| HSD (500 ppm) | ၂၃၂၇ | ၂၄၀၃ |
| HSD (50 ppm) | ၂၄၀၀ | ၂၄၇၈ |
| HSD (10 ppm) | ၂၄၀၀ | ၂၄၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပညာမာန

**သိုက်စိုးထွန်း(နတ်ရွာ)**

**"ပညာမာန"ဆိုတဲ့စကားလုံးကို ကိုယ့်ပတ်ဝန်းကျင်ထဲမှာ မကြာခဏကြားဖူးကြမှာပါ။ "ဒီလူက ပညာမာနရှိတယ်"၊ "သူ့ကို သွားမစမ်းနဲ့နော်၊ ပညာမာနနဲ့လူ" ဆိုတာမျိုး။ "ပညာမာန"ဆိုတဲ့စကားလုံးကို ဖွင့်ဆိုပုံအမျိုးမျိုးရှိမှာဖြစ်ပေမယ့် သာမန်အားဖြင့်တော့ ဒီအသံကိုကြားလိုက်ရရင် သိပ်ပြီးသဘောကျဟန်မပြတဲ့ တုံ့ပြန်ချက်မျိုးတွေ တွေ့မြင်ရလေ့ရှိပါတယ်။ ပညာမာနရှိတဲ့သူလို့ပြောလိုက်ရင် ပညာတော့ တတ်ပါရဲ့။ သူတတ်ထားတဲ့ပညာကို အကြောင်း ပြုပြီး မာန်ထောင်ဝင့်လွှားနေတဲ့သူ၊ ဘဝင်မြင့်နေတဲ့သူ၊ တခြားသူတွေကို တန်းတူရည်တူမဆက်ဆံလိုတဲ့သူ၊ ပေါင်းလို့သင်းလို့ သိပ်အဆင်မပြေတဲ့သူ၊ ဒီလိုမြင်ကြတယ်ထင်ပါရဲ့။**

"ပညာ မြင်-ကြား၊ ရှိပါငြားလည်း၊ တရားအလွတ်၊ စကားတတ်လျက်၊ ယုတ်မြတ်ပုဂ္ဂိုလ်၊ လူထိုထိုအား၊ အလိုမိုက်ဆိုး၊ မာနကိုး၍၊ လွှမ်းမိုးနှုတ်လျှာ၊ ပြောတတ်ပါမူ၊ ထိုပညာရှိ၊ မိမိအတတ်၊ ကိုယ့်ကိုသတ်၏"တဲ့။ မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်မှာ ဆိုဆုံးမထားပါတယ်။ ပညာကိုအကြောင်းပြုပြီး အခြောက်တိုက်ဘဝင်မြင့်၊ မာနကြီးနေတာမျိုးကတော့ မသင့်တော်ဘူးပေါ့။ ဆရာတော်မိန့်သလို ကိုယ့်ကိုယ်ကိုယ် ဒုက္ခများအောင် ဖန်တီးနေမိသလို ဖြစ်မှာပေါ့။

**မာန်တဝင့်ဝင့်ဖြစ်နေတာမျိုးမဟုတ်**

ဦးချိုရှိတဲ့သတ္တဝါက ဦးချိုကိုအားကိုးပြီး၊ အစွယ်ရှိတဲ့သတ္တဝါက အစွယ်ကိုအားကိုးပြီး၊ အဆိပ်ရှိတဲ့သတ္တဝါက အဆိပ်ကိုအားကိုးပြီး မာန်ဝင့်ကြသတဲ့။ ပညာရှိတဲ့သူက ပညာကိုအားကိုးပြီး မာန်ဝင့်လိုက်ရင်၊ မာနတက်ပြီး ထောင်လွှားနေလိုက်ရင်တော့ စောစောက ဦးချိုပိုင်ရှင်၊ အစွယ်ပိုင်ရှင်တွေနဲ့ တစ်သဘောတည်းဖြစ်သွားတော့မှာပေ့ါ။ ဒီနေရာမှာတင်ပြချင်တဲ့ ပညာမာနဆိုတာကတော့ ဒီလို မာန်တဝင့်ဝင့် ဖြစ်နေတာမျိုးကိုဆိုလိုတာ မဟုတ်ပါဘူး။

ပညာမာနဆိုတဲ့စကားလုံးကို ခွဲကြည့်ရင် ပညာဆိုတာရယ်၊ မာနဆိုတာရယ်တွေ့ရမှာပေ့ါ။ ပညာဆိုတဲ့ စကားလုံးကို "အသိဉာဏ်၊ ခွဲခြမ်းဝေဖန်နိုင်စွမ်းသောအသိဉာဏ်၊ အတတ်"လို့ မြန်မာအဘိဓာန်က ဖွင့်ဆိုပါတယ်။ ပညာဆိုတဲ့စကားလုံးကိုတော့ မကောင်းတဲ့သဘောနဲ့ ရှုမြင်တာ မတွေ့ရသလောက်ပါပဲ။ "သူတို့အမျိုးက ပညာသည်တွေနော်"ဆိုပြီး ရွာထဲရပ်ထဲက သတင်းသိုးသိုးသန့်သန့်ကြားရရင် နည်းနည်း ကျောချမ်းသွားတာမျိုးတော့ ရှိတာပေ့ါ။ ဒါကလည်း အောက်လမ်းပညာ၊ စုန်းပညာဆိုတဲ့ မကောင်းတဲ့ အတတ်ပညာရှိနေတဲ့သူဆိုတာမျိုးကို ရည်ညွှန်းတဲ့အတွက်ပါ။ ယေဘုယျအားဖြင့်ကတော့ ပညာလို့ပြောလိုက်ရင် ကောင်းတဲ့သဘောလက္ခဏာကိုသာ ဆိုလိုမှန်းသိကြပါတယ်။ ဒီနေရာမှာတော့ ပညာဆိုတဲ့စကားလုံးက အသိပညာပဲဖြစ်ဖြစ်၊ အတတ်ပညာပဲဖြစ်ဖြစ်၊ ပညာရပ်အားလုံးအတွက် ရည်ညွှန်းတာဖြစ်ပြီး ပညာရှင်ဆိုတာက အတတ်၊ အသိပညာတစ်ခုခုကို တတ်သိနားလည်ထားတဲ့သူကို ရည်ညွှန်းပါတယ်။ ခက်ခဲနက်နဲတဲ့ပညာရပ်တွေကို ကျွမ်းကျင်တတ်မြောက်မှ ပညာရှင်လို့ဆိုလိုတာ မဟုတ်ပါဘူး။ ဘယ်လို အသိပညာ၊ အတတ်ပညာမျိုးကို တတ်သိကျွမ်းကျင်ထားသူကိုပဲဖြစ်ဖြစ် ပညာရှင်လို့ ပြောရမှာပါပဲ။

မာနဆိုတာကျတော့ "ထောင်လွှားမောက်မာမှု၊ မာန်ဝင့်မှု"လို့ အဘိဓာန်ကဖွင့်ပါတယ်။ ဒီလိုဆိုတော့ မာနဆိုတာ မကောင်းတဲ့အရာကြီးပေ့ါ။ သူကတော့ နည်းနည်းရှုပ်ထွေးနက်နဲတဲ့ သဘောရှိပုံရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မာနကိုကောင်းတဲ့ရှုထောင့်ဘက်ကလည်း ယူသုံးကြတာတွေ့ရလို့ပါ။ "ဇာတိ၊ ပုညာ၊ ဂုဏ်၊ မာန"ဆိုတဲ့အသုံးအနှုန်းမှာ မာနကို ကောင်းတဲ့ဘက်ကမြင်နိုင်သလို ဒီမာနကနေယူထားတဲ့မာန်ကိုလည်း "အားမာန်"၊ "ခွဲမာန်"၊ "ဇာတိသွေးဇာတိမာန်"စသည်အားဖြင့် ကောင်းတဲ့ဘက်က ယူတဲ့ အသုံးအနှုန်းမျိုးတွေလည်းရှိတာကို တွေ့ရမှာပါ။ ဒီတော့ စကားလုံးနှစ်ခုကိုတွဲထားတဲ့ ပညာမာနဆိုတာကလည်း ကောင်းတဲ့ဘက်ကရော မကောင်းတဲ့ ဘက်ကပါ ယူလို့ရတယ်လို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာတော့ ပညာမာနဆိုတာကို ကောင်းတဲ့ရှုထောင့်ကနေ ဘယ်လိုခံယူစွဲကိုင်သင့်တယ်၊ ဒီအဓိပ္ပာယ်ကို ဘယ်လိုယူသင့်တယ်ဆိုတဲ့ အမြင်လေးတွေကို ပုဂ္ဂလိက အတ္တနောမတိနဲ့ ချဉ်းကပ်တင်ပြသွားမှာပါ။ သင့်တယ်ထင်ရင်ယူပြီး၊ မသင့်ဘူးထင်ရင် ပယ်လိုက်ရုံပါပဲ။ သိပ်တော့အငြင်းပွားနေဖို့ မရှိပါဘူး။

**ပညာမာနဆိုတာ**

ပထမဆုံးအနေနဲ့တော့ ပညာမာနဆိုတာကို သိရှိနားလည်တတ်ကျွမ်းထားတဲ့ အတတ်ပညာ၊ အသိပညာကို တန်ဖိုးထားတဲ့စိတ်၊ ပညာရပ်ဆိုင်ရာ စံတန်ဖိုးတွေကို အလျှော့မခံနိုင်တဲ့စိတ်၊ ပညာရပ်ဆိုင်ရာ ကျင့်ဝတ်စံနှုန်းတွေကနေ သွေဖည်မသွားအောင် ထိန်းသိမ်းထားလိုတဲ့စိတ်ဆိုတဲ့ အဓိပ္ပာယ်မျိုးကို ယူလိုပါတယ်။

ကိုယ်က ဆရာဝန်တစ်ယောက်ဖြစ်တယ်ဆိုပါစို့။

> **"ကိုယ်က ဆရာဝန်တစ်ယောက်ဖြစ်တယ်ဆိုပါစို့။ ကိုယ့်ပညာကိုအသုံးပြုပြီး လူ၊ သတ္တဝါတွေရဲ့ အသက်ကို ကယ်ရမှာပေ့ါ။ ကိုယ့်ရှေ့ကိုရောက်လာတဲ့လူနာက ကိုယ်ချစ်ခင်လေးစားရတဲ့သူ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် တွေ့ရာသင်္ချိုင်း ခါးမဆိုင်းဆိုတဲ့အထိ မုန်းတီးစက်ဆုပ်နေခဲ့တဲ့ ရန်သူဖြစ်ချင် ဖြစ်နေမယ်။ ချစ်သူ၊ မုန်းသူ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ရှေ့ကိုရောက်လာတဲ့ လူနာမှန်ရင် ကိုယ်တတ်ကျွမ်းထားတဲ့ဆေးပညာကို အစွမ်းကုန်အသုံးချပြီး တစ်ဖက်လူနာ ရောဂါပျောက်ကင်းရေးကိုပဲ အာရုံစိုက်ပြီး ကုသပေးမယ်ဆိုတဲ့ ခံယူချက်ရှိတဲ့သူကို ပညာမာန ရှိတဲ့သူလို့ ရည်ညွှန်းချင်ပါတယ်"**

ကိုယ့်ပညာကိုအသုံးပြုပြီး လူ၊ သတ္တဝါတွေရဲ့ အသက်ကို ကယ်ရမှာပေ့ါ။ ကိုယ့်ရှေ့ကိုရောက်လာတဲ့လူနာက ကိုယ်ချစ်ခင်လေးစားရတဲ့သူ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် တွေ့ရာသင်္ချိုင်း ခါးမဆိုင်းဆိုတဲ့အထိ မုန်းတီးစက်ဆုပ်နေခဲ့တဲ့ ရန်သူဖြစ်ချင်ဖြစ်နေမယ်။ ချစ်သူ၊ မုန်းသူ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ရှေ့ကိုရောက်လာတဲ့လူနာမှန်ရင် ကိုယ်တတ်ကျွမ်းထားတဲ့ ဆေးပညာကို အစွမ်းကုန်အသုံးချပြီး တစ်ဖက်လူနာ ရောဂါပျောက်ကင်းရေးကိုပဲ အာရုံစိုက်ပြီး ကုသပေးမယ်ဆိုတဲ့ ခံယူချက်ရှိတဲ့သူကို ပညာမာနရှိတဲ့သူလို့ရည်ညွှန်းချင်ပါတယ်။ ကိုယ့်ရဲ့ပုဂ္ဂလိက ခံစားချက်တွေကြောင့် ကိုယ့်ရဲ့ပညာရပ်ဆိုင်ရာတန်ဖိုးတွေကို အယုတ်အလျှော့မခံနိုင်ဘူးပေ့ါ။ ချစ်ခင်ရတဲ့သူမို့လို့ ပိုကောင်းတဲ့နည်းနဲ့ ကုသလိုက်တာမျိုး၊ မုန်းနေတဲ့သူမို့လို့ ရောဂါပိုဆိုးသွားအောင် လုပ်လိုက်တာမျိုး မရှိဘူးပေ့ါ။

ကိုယ်က ဗိသုကာတစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက်ဖြစ်တယ်ဆိုပါစို့။ ကိုယ်ဖန်တီးလိုက်တဲ့ အဆောက်အအုံတစ်ခုရဲ့ ဒီဇိုင်းက ကိုယ်တတ်ထားတဲ့ပညာအရတော့ အဘက်ဘက်ကပြည့်စုံအောင် အတတ်နိုင်ဆုံး အားထုတ်ဖန်တီးထားတဲ့ဒီဇိုင်းတစ်ခုပဲ ဖြစ်ရမယ်။ ကိုယ်တည်ဆောက်လိုက်တဲ့ အဆောက်အအုံတစ်ခု၊ စီမံကိန်းတစ်ခုက အရည်အသွေးပိုင်းဆိုင်ရာစံချိန်စံညွှန်းတွေနဲ့ ပြည့်မီနေတာမျိုးပဲဖြစ်ရမယ်။ ကိုယ်က ကန်ထရိုက်တာကုမ္ပဏီဘက်က အင်ဂျင်နီယာမို့ ကိုယ့်အလုပ်ရှင်သူဌေး မြတ်သည်ထက်မြတ်သွားအောင် အရည်အသွေးပိုင်းကို နည်းနည်းလျှော့လိုက်တာမျိုး အဖြစ်မခံဘူး။ ကိုယ်ကိုယ်တိုင် ကုမ္ပဏီပိုင်ရှင်ဖြစ်နေလို့ ကိုယ်ကိုယ်တိုင်အကျိုးအမြတ်ပိုရမယ်ဆိုရင်တောင်မှ အရည်အသွေးကိုအလျှော့မခံဘူး။ ယုတ်စွအဆုံး အလုပ်အပ်တဲ့သူ၊ အဆောက်အအုံပိုင်ရှင်ကိုယ်တိုင်က ကုန်ကျစရိတ်ကိုချုံ့ချင်လို့ ဟိုအပိုင်း၊ ဒီအပိုင်းလေးကို နည်းနည်းလေးလျှော့ပေးပါလို့ တောင်းဆိုရင်တောင်မှ ဒီအထပ်၊ ဒီအမြင့်နဲ့ဆိုရင် ဒီစံနှုန်းကို လျှော့လို့ မဖြစ်ဘူးဆိုတာကို နားလည်အောင်ရှင်းပြပြီး မူလစံနှုန်းအတိုင်းပဲလုပ်ငန်းကို ဆက်လုပ်လိုတဲ့စိတ်။ အရည်အသွေးပိုင်းကို နည်းနည်းလေးမှ အလျှော့မခံနိုင်တဲ့စိတ်။

ကိုယ်က အလုပ်သမားတစ်ယောက် ဖြစ်တယ်ဆိုပါစို့။ အလုပ်ရှင်က၊ ကိုယ့်အထက်က ကြီးကြပ်သူက အနီးကပ်ကြီးကြပ်နေသည်ဖြစ်စေ၊ မျက်ကွယ်ပြုထားသည်ဖြစ်စေ ကိုယ်ရောက်ရမယ့်အချိန်အတိုင်း လုပ်ငန်းခွင်ကိုရောက်အောင်လာ၊ ကိုယ်ပြန်သင့်တဲ့အချိန်မှ အလုပ်ကပြန်ပြီး လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိတဲ့အတိုင်း တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် အမြဲကြိုးစားလုပ်ကိုင်နေလိုတဲ့စိတ်ထားမျိုး။ အလုပ်သမားဆိုတာလည်း ဘယ်အလုပ်သမားဖြစ်ဖြစ် သူ့ပညာနဲ့သူရှိတာပေ့ါ။ သူတတ်သိနားလည်ထားတဲ့ ပညာအတိုင်းပဲ အမြဲကောင်းအောင် ကြိုးစားနေလိုတဲ့ အလုပ်သမားဆိုရင် ပညာမာနရှိတဲ့ အလုပ်သမားပေ့ါ။

ကိုယ်က အရောင်းအဝယ်သမားဆိုရင် အရည်အသွေးမှန်တဲ့ ကုန်ပစ္စည်းကိုပဲရောင်းတယ်။ မှန်ကန်တဲ့၊ သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ပဲရောင်းတယ်။ အခါအခွင့်သင့်တုန်းဆိုပြီး အမြတ်တွေအလွန်အကျွံတင် မရောင်းဘူး။ ကိုယ်အမြတ်ရပြီးရောဆိုပြီး အတုတွေကို အစစ်လုပ်မရောင်းဘူး။ ဒါက သူတတ်မြောက်ထားတဲ့ အရောင်းအဝယ်အတတ်ပညာအပေါ်မှာထားတဲ့တန်ဖိုးပါ။

ကိုယ်က ပန်းကန်ဆေးတာလောက်ပဲ တတ်ထားသေးတယ်ဆိုရင် ကိုယ်ဆေးလိုက်တဲ့ ပန်းကန်ခွက်ယောက်တိုင်းက ပြောင်လက်နေရမယ်လို့ ပိုင်းဖြတ်ထားတဲ့စိတ်။ ကိုယ်က တောက်တိုမယ်ရလောက်ပဲ လုပ်တတ်သေးတယ်ဆိုရင်တောင်မှ အဲ့ဒီတောက်တိုမယ်ရ အလုပ်ကလေးတွေကို လုပ်တဲ့အခါတိုင်းမှာ သေသေသပ်သပ်ပြီးမြောက်သွားအောင်လုပ်လိုက်မယ်ဆိုတဲ့စိတ်။

**ပညာနဲ့ချင့်ချိန်ပြီး လုပ်ကိုင်ဆောင်ရွက်**

ခြသေ့်တွေက သမင်၊ ဒရယ်၊ စိုင်၊ ဆတ်လိုကြီးတဲ့သားကောင်တွေကို ဖမ်းတဲ့အခါပဲဖြစ်ဖြစ်၊ ယုန်လို၊ ဆိတ်လိုငယ်တဲ့သားကောင်တွေကို ဖမ်းတဲ့အခါပဲဖြစ်ဖြစ် အားစိုက်မှုလုံ့လချင်းကတော့ အတူတူပါပဲတဲ့။ အကောင်သေးသေးမို့လို့ဆိုပြီး ပေါ့ပေါ့လျှော့လျှော့နဲ့ ဖမ်းတာမျိုးမရှိဘူးတဲ့။ ဒီလိုပါပဲ၊ ပညာမာနရှိတဲ့သူတွေကလည်း ဘယ်အလုပ်ကိုပဲလုပ်လုပ် ကိုယ်တတ်သိနားလည်ထားတဲ့ပညာနဲ့ ချင့်ချိန်ပြီး လုပ်ကိုင်ဆောင်ရွက်လေ့ရှိသလို ကြိုးစားအားထုတ်မှုလုံ့လဝီရိယကိုလည်း သင့်တင့်မျှတအောင် ထားကြပါတယ်။ သူတို့လုပ်လိုက်တဲ့အလုပ်၊ သူတို့ဖန်တီးလိုက်တဲ့ဖန်တီးမှုတစ်ခုက သူတို့တတ်မြောက်ထားတဲ့ပညာရပ်နဲ့ လိုက်လျောညီထွေရှိတဲ့ အရည်အသွေးမျိုး ရှိနေရမယ်ဆိုတဲ့ခံယူချက်ကို အမြဲနှလုံးသွင်းထားကြတယ်။

ဘွဲ့နှင်းသဘင်တွေမှာ သက်ဆိုင်ရာဘွဲ့ကို မပေးအပ်ခင် ပေးလိုက်မယ့်ဘွဲ့နဲ့ လိုက်လျောညီထွေရှိတဲ့ ကျင့်ကြံနေထိုင်မှုတွေပြုဖို့၊ ကျင့်ဝတ်သိက္ခာတွေကို စောင့်ထိန်းဖို့ ကတိကဝတ်တွေတောင်းပြီးမှ ကတိပြုပြီဆိုမှ ဒီဘွဲ့ကို အပ်နှင်းလိုက်တာမဟုတ်လား။ ဒီလိုပဲ တချို့ပညာရပ်တွေမှာလည်း ဆရာကလက်ဆင့်မကမ်းခင်မှာ ဒီပညာရပ်နဲ့ပတ်သက်လို့ ဘယ်လိုဘယ်လို ကျင့်ဝတ်တွေကို လိုက်နာပါ့မယ်ဆိုတဲ့ ကတိသစ္စာမျိုးတွေပေးပြီးမှ လက်ဆင့်ကမ်းလေ့ရှိကြတယ်။ စာအားဖြင့်၊ နှုတ်အားဖြင့် ကတိပြုခဲ့သည်ဖြစ်စေ၊ မပြုခဲ့သည်ဖြစ်စေ တတ်သိနားလည်ထားတဲ့ပညာရပ်အပေါ်မှာ တန်ဖိုးထားဖို့၊ သစ္စာရှိဖို့ကတော့ လူတိုင်းမှာ တာဝန်ရှိပါတယ်။ ဒီတာဝန်ကို နားလည်၊ လက်ခံ၊ ကျင့်သုံးတဲ့သူ၊ ပညာရပ်ဆိုင်ရာတန်ဖိုးတွေကို တခြားအရာတစ်ခုခုနဲ့ လဲမပစ်နိုင်တဲ့သူကို ပညာမာနရှိတဲ့သူလို့ ဆိုနိုင်မယ်ထင်ပါတယ်။


**ပညာမာနရှိတဲ့သူ**

အထက်ကပဲမေးမေး၊ အောက်ကပဲမေးမေး အကြံဉာဏ်တွေပေးဖို့ အခွင့်အရေးရလာရင် သူ့ပညာအရ လျော်ကန်သင့်မြတ်တဲ့ အကြံဉာဏ်တွေကိုပဲ အမြဲပြောလေ့ရှိတဲ့သူကို ပညာမာနရှိတဲ့သူလို့ဆိုနိုင်မှာပေ့ါ။ ကိုယ့်ထက်နိမ့်ပါးတဲ့သူက မေးလာလို့ဆိုပြီး ပြီးလွယ်စီးလွယ် ကပျက်ကချော်မပြောဘူး၊ ကိုယ့်ထက်မြင့်တဲ့သူမို့လို့ဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ မေးခွန်းရှင်ရဲ့ လိုလားချက်အပေါ်ပဲမူတည်ပြီး ခေါင်းညိတ်၊ ခေါင်းခါမလုပ်ဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတစ်ခုကိုပဲ ကျိုးသင့်ကြောင်းသင့် ရှင်းလင်းပြောကြားဝံ့တဲ့သူ၊ အကြံပြုဝံ့တဲ့သူပေ့ါ။ ကိုယ်သိရှိနားလည်ထားတဲ့ ပညာရပ်တစ်ခု၊ အမှန်တရားတစ်ခုအပေါ်မှာ သစ္စာရှိတဲ့သူ၊ စောင့်စည်းတဲ့သူလို့ ဆိုနိုင်မယ်ထင်ပါရဲ့။ ဂရိအတွေးအခေါ်ပညာရှင်ကြီး ဆိုကရေတီးကတော့ သူယုံကြည်တဲ့ဝါဒကို စွန့်လွှတ်ရမယ့်အစား၊ သူ့ပြောခဲ့တဲ့စကားတွေကို *စာမျက်နှာ ၁၇ သို့*


## သံလွင်၊ ပဲခူးနှင့် ဘီးလင်း မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။



ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။



ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## တနင်္သာရီမြို့ ရာဇမင်္ဂလာကန် သန့်ရှင်းသာယာရေး တပ်မတော်သားများနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်

တနင်္သာရီ ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရာဇမင်္ဂလာကန်တော် သန့်ရှင်းသာယာလှပစေရေးနှင့် မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နယ်မြေခံ တပ်မတော်သားများ အင်အား ၁၈၀ ခန့်က မင်္ဂလာကန်တော်အတွင်း ဗေဒါဒိုက်ပင်များ ဆယ်ယူခြင်းနှင့် ကန်ပတ်လည်ရှိ မြက်ပင်/ချုံနွယ်များကို ရှင်းလင်းဖယ်ရှားခြင်း ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၃၁ ရက်က စုပေါင်းဆောင်ရွက်ကြသည်။



မင်္ဂလာကန်တော်သည် တနင်္သာရီမင်းဆက်များက ဦးခေါင်းဆေးမင်္ဂလာပြုရာ၌ အဓိကအသုံးပြုခဲ့ကြပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကိုလတ် ဦးစီးမှုဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရအောင် စွမ်းဆောင်ပေးခဲ့သည့် ဂျတ်ဆီဇီကို ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ်အဖြစ်ခန့်အပ်

ရန်ကုန် ဩဂုတ် ၂

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းကို ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရအောင် စွမ်းဆောင်ပေးခဲ့သည့် ဂျာမနီနိုင်ငံသား ဂျတ်ဆီဇီကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဇူလိုင် ၂၄ ရက်က MNL ပွဲစဉ် (၁၃) ဖြစ်သာ မြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ပြီးနောက် ယခင်နည်းပြချုပ်ဟောင်း ဦးကျော်ဇွန်နှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ကာ ရက်ပိုင်းအကြာမှာပင် ဂျတ်ဆီဇီကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ဂျတ်ဆီဇီသည် ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး ဇူလိုင် ၃၁ ရက်က ကစားသည့် MNL ပွဲစဉ် ၁၄ ဖြစ်သော ရခိုင်ယူနိုက်တက်နှင့်ပွဲကို ယာယီနည်းပြချုပ်အဖြစ် ဦးတင်မောင်ထွန်းက တာဝန်ယူကိုင်တွယ်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ၎င်းကို ယခုရာသီကုန်အထိသာ တာဝန်ပေးထားပြီး စွမ်းဆောင်ရည်အပေါ်မူတည်၍ သက်တမ်းတိုးမည်ဖြစ်သည်။

ဂျတ်ဆီဇီသည် မြန်မာ ယူ-၁၉ အသင်းကို ကာလရှည်ကိုင်တွယ်ပြီး ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းကို ၂၀၁၅ နှစ်ကုန်ပိုင်းမှ ၂၀၁၈ ခုနှစ် မတ်လအထိ ကိုင်တွယ်ခဲ့သည်။ ဂျတ်ဆီဇီလက်ထက်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့သည်။ **ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စု (ခ) တွင် တီမော၊ မလေးရှား၊ အင်ဒိုနီးရှား၊ အုပ်စု (ဂ) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုထိပ်ဆုံး သုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁၇ ရက်တွင် ထိုင်းအသင်း၊ ဩဂုတ် ၁၉ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဩဂုတ် ၂၁ ရက်တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယခုပြိုင်ပွဲပြီးပါက စက်တင်ဘာလဆန်းတွင် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ၊ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယခုနှစ်အတွင်း ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မေလက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရာ စတုတ္ထနေရာ ရရှိသည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့သည့် အသင်းများအနက် ထိုင်း၊ ကမ္ဘောဒီးယားတို့နှင့် ပြန်လည်တွေ့ဆုံနေခြင်းဖြစ်ပြီး ကမ္ဘောဒီးယားကို အနိုင်ရသော်လည်း ထိုင်းအသင်းကို အရေးနိမ့်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MFF**

❊ *ကျောဖုံးမှ*

အုပ်စု (ဆ) ပွဲစဉ် -၃ မှ အာဂျင်တီးနားနှင့် ဆွီဒင်၊ တောင်အာဖရိကနှင့် အီတလီအသင်းတို့ပွဲစဉ်ကို မွန်းလွဲ ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်က နှစ်ဂိုးပြတ်၊ တောင်အာဖရိကက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ဆွီဒင်အသင်းက သုံးပွဲကစား သုံးပွဲနိုင် ရမှတ်ကိုးမှတ်နှင့်အတူ အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး တောင်အာဖရိကအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် နောက်တစ်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ နာမည်ကြီး အီတလီနှင့် အာဂျင်တီးနားအသင်းတို့မှာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အုပ်စု (စ) ပွဲစဉ် -၃ မှ ဂျမေကာနှင့် ဘရာဇီး၊ ပနားမားနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်ကို ညနေ ၄ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဘရာဇီးအသင်း ဂိုးမရှိသရေကျခဲ့သည်။ ဘရာဇီးအသင်းသည် ဂျမေကာအသင်းကို အနိုင်ရရှိလျှင် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည့်အခွင့်အရေးရရှိမည်ဖြစ်သော်လည်း ဂိုးမရှိသရေကျခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ဂျမေကာအသင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခြင်းမှာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

*စာမျက်နှာ ၁၆ မှ*

ပြန်လည်ရုပ်သိမ်းရမယ့်အစား အဆိပ်ခွက်ကိုပဲ ရွေးချယ်ခဲ့သတဲ့။ အသက်နဲ့ကိုယ်ကို စွန့်လွှတ်ဝံ့တဲ့အထိ ပညာကိုတန်ဖိုးထားဖို့ကတော့ သိပ်ကိုခက်ခဲမှာပါ။ ဘာပဲဖြစ်ဖြစ် အတိုင်းအတာတစ်ခုအထိတော့ တန်ဖိုးထားဖို့၊ စောင့်စည်းဖို့၊ ကာကွယ်ဖို့လိုနေမှာပါ။ နေရာဌာနပေါင်းစုံမှာ ပညာရှင်တွေရှိပါတယ်။ အများကြီးရှိကြပါတယ်။ နားလည်တတ်ကျွမ်းထားတဲ့ပညာနဲ့ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုးကို ဆောင်နိုင်ဖို့ အရေးကြီးပါတယ်။ ဒီလိုအကျိုးဆောင်နိုင်ဖို့အတွက် ပညာမာန်ရှိနေဖို့ လိုအပ်မှာပါ။

ပညာရပ်ဆိုင်ရာ စံတန်ဖိုးတွေကို အထိခိုက်မခံတာနဲ့ သဘောထားတင်းမာတာကိုတော့ ရောထွေးမပစ်လိုက်မိဖို့ လိုမယ်ထင်ပါတယ်။ တစ်နည်းအားဖြင့် ရပ်တည်ချက်ခိုင်မာတာနဲ့ သဘောထားတင်းမာတာကို နားလည်မှုလွဲမသွားဖို့ အရေးကြီးပါတယ်။ တချို့ကလည်း ကိုယ်ဖြစ်စေချင်သလို မဖြစ်တာနဲ့ပဲ ပညာရှင်တချို့ အပေါ်မှာ 'ညှိမရ၊ နှိုင်းမရ၊ ခွတီးခွကျလူတွေ' ဆိုတဲ့တံဆိပ်မျိုး ကပ်လိုက်ကြပါတယ်။ တကယ့်ကို ခွတီးခွကျနိုင်တဲ့သူမျိုးရှိနိုင်ပေမယ့် ပင်ကိုကိုယ်ရည်ကိုယ်သွေးကြောင့်လား၊ သူတတ်မြောက်ထားတဲ့ပညာကြောင့်လားဆိုတာကိုတော့ ခွဲခြားကြည့်ဖို့လိုမှာပါ။

အစပိုင်းမှာတင်ပြခဲ့တဲ့အတိုင်း ပညာမာနဆိုတာ ပညာတွေတတ်လို့ မာနကြီးလာတာမျိုးကို မဆိုလိုပါဘူး။ ကိုယ်တတ်သိနားလည်ထားတဲ့ ပညာရပ်တစ်ခုခုကို အကြောင်းပြုပြီး ကိုယ့်ပတ်ဝန်းကျင်မှာ ထောင်လွှားတဲ့သူတစ်ယောက်၊ မောက်မာတဲ့သူတစ်ယောက်၊ မော်ကြွားတဲ့သူတစ်ယောက်၊ အသားလွတ်အခြောက်တိုက် ဘဝင်မြင့်နေတဲ့သူတစ်ယောက်ဖြစ်လာတာမျိုးကို မဆိုလိုပါဘူး။ အဆန်မပြည့်သေးလို့အနှံထောင်နေတဲ့အနေအထားမျိုးကို မဆိုလိုပါဘူး။ ပညာကို တန်ဖိုးထားလေးစားတဲ့စိတ်၊ ပညာရပ်ဆိုင်ရာစံတန်ဖိုးတွေကို ထိန်းသိမ်းကာကွယ်လိုတဲ့စိတ်၊ ပညာရပ်ဆိုင်ရာကျင့်ဝတ်သိက္ခာတွေကို စောင့်စည်းလိုတဲ့စိတ်၊ ခံယူချက်မြင့်မြင့်မားမားထားရှိလိုတဲ့စိတ်ကိုသာ ဆိုလိုရင်း ဖြစ်ပါတယ်။

ပညာနဲ့မာနကိုပေါင်းထားတဲ့ ပညာမာန၊ ဒီနှစ်ခုမှာ ပညာက အခရာလို့ဆိုရမှာပါ။ ပညာဦးစီးတဲ့ ပညာမာနကသာ ရေရှည်အကျိုးစီးပွားကို ဆောင်မှာပါ။ ပညာမပါဘဲ မာနတက်နေရင် သူရော ကိုယ်ရော အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်းတွေ ဖြစ်လာမယ်။ ထိုက်သင့်တဲ့မာန်မရှိဘဲ ပညာသက်သက်ကိုပဲ တတ်သိထားရင်လည်း ထိုက်သင့်သလောက် အကျိုးမပြုနိုင်ဘဲ ဖြစ်နေမယ်။ တစ်ခါတစ်ခါ လုံးဝအကျိုးမပြုနိုင်ဘဲလည်း ဖြစ်ချင်ဖြစ်သွားမယ်။ တွေးမိတာလေးတွေပါ။ ဘုရားဟောပိဋကတ်တော်က ထုတ်နုတ်ထားတာမဟုတ်တဲ့အတွက် မှန်ပါတယ်လို့ မဆိုဝံ့ပါ။

ပညာရှင်တွေ များသည်ထက်များပါစေ။ ပညာမာနထားနိုင်ကြပါစေ။ လောကကိုလည်း အကျိုးပြုနိုင်ကြပါစေ။ ။

## ဗိုလ်တထောင်စေတီတော်၌ တိုင်းရင်းဆေးသမားတော်များစုပေါင်း၍ ဆေးဝါးလှူရ-မြတ်ဒါန အခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင် စေတီတော်ရင်ပြင်ပေါ်၌ ဂေါပကအဖွဲ့၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မိခင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် တိုင်းရင်းဆေးသမားတော်များ စုပေါင်း၍ ဆေးဝါးလှူရ-မြတ်ဒါနအခမ်းအနားကို ဩဂုတ် ၁ ရက်က ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး လှူဒါန်းမည့်ဆေးဝါးများကို ဂေါပကအဖွဲ့သို့ပေးအပ်ရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီတော် အလှည့်ကျသဘာပတိ ဦးအောင်ကိုဇော်က တိုင်းရင်းဆေးကုသလှူဒါန်းရသော အကျိုးကျေးဇူးအကြောင်းများကို ပြောကြားပြီး တိုင်းရင်းဆေးသမားတော်ကြီး ဦးမြင့်သောင်း(ဒုတိယဥက္ကဋ္ဌ) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းက မိခင်ဆေးဝါးထုတ်လုပ်ရေးနှင့် တိုင်းရင်းဆေးသမားတော်များ ဆေးဝါးကုသလှူဒါန်းနိုင်စေရန် အဖက်ဖက်မှ လိုလေသေးမရှိစီစဉ်ပေးကာ ဘုရားရင်ပြင်တော်၌ ခွင့်ပြုပေးပါသော ဂေါပကအဖွဲ့နှင့် ဘုရားကြီး၏ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ဂေါပကအဖွဲ့၏ခွင့်ပြုချက်ဖြင့် တိုင်းရင်းဆေးဝါးများ စတင်ကုသလှူဒါန်းခဲ့ရာ ဆေးဝါးကုသလှူဒါန်းခြင်းကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကုသလှူဒါန်းပေးပြီး ရရှိလာသော အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မက်မန်းမြို့နယ်၌ ပန်းထိမ်မနိုင်ပန်း စိုက်ပျိုးရောင်းချနိုင်ရေးစစ်ဆေး

**မက်မန်း ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ အမျိုးသမီးများ အပိုဝင်ငွေရရှိရေးအတွက် ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဩဂုတ် ၁ ရက်က တောင်သူဦးညီစန်းဝင်း စိုက်ပျိုးထားသော ပန်းထိမ်မနိုင်ပန်းစိုက်ခင်းသို့ သွားရောက်ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းရာတွင် မက်မန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုဝေနှင့် အဖွဲ့ဝင်များသည် တောင်သူ ဦးညီစန်းဝင်း စိုက်ပျိုးထားသော ပန်းထိမ်မနိုင်ပန်းစိုက်ခင်းသို့ သွားရောက်ကာ ပန်းစိုက်ပျိုးထားရှိမှု၊ မျိုးဥအထွက်နှုန်း၊ ပန်းမျိုးများပြန်လည်ဖြန့်ဝေနိုင်မှုအခြေအနေ၊ အခြားစိုက်ပျိုးလိုသူများအတွက် စိုက်ပျိုးနည်းစနစ်များ၊ ထပ်မံတိုးချဲ့၍ စိုက်ပျိုးရမည့်မြေနေရာများကို ကြည့်ရှုသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပန်းထိမ်မနိုင်ပန်းမျိုးများကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ အမျိုးသမီးများ စိုက်ပျိုးနိုင်ရေး ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောဥမ္မာ ( ပြန်/ဆက်)**



## နတ်မောက်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**နတ်မောက် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်က “ဗဟုသုတသည် တန်ခိုးဖြစ်သည်ဟု ပြောဆိုချက်နှင့်အညီ ကျောင်းသားတိုင်းအတွက် မရှိမဖြစ် သိသင့်သိထိုက်သော ဗဟုသုတပေါင်းစုံ၊ ပညာပေါင်းစုံတို့ ဖူးပွင့်ရာ ဥယျာဉ်ကြီးများမှာ စာအုပ်စာပေများရှိနေကြောင်း”ကို ဟောပြောဆွေးနွေးခြင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ကျောင်းသား ကျောင်းသူလေးများ ယဉ်ကျေးလိမ္မာ အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုက မူးခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအကြောင်းနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးအကြောင်းအရာများ၊ ဒုတိယမြို့နယ် ဥပဒေအရာရှိက ဥပဒေဆိုင်ရာ အကြောင်းအရာများနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က လူငယ်ရေးရာအသိပညာပေး အကြောင်းအရာများနှင့်ပတ်သက်၍ ဗလငါးတန်ဖွံ့ဖြိုးစေရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလတို့အကြောင်းကို ဟောပြောဆွေးနွေးသည်။

**လှဝင်း**

## လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပြိုကျပျက်စီး

**မအူပင် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွှေလှေသောင်ကျေးရွာအုပ်စု လက်ပံကျွန်းကျေးရွာနှင့် ကျွန်းဖျားကျေးရွာတို့တွင် ယနေ့နံနက်ပိုင်းက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်များ အမိုးလန်ပြိုကျပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရွှေလှေသောင်ကျေးရွာအုပ်စု လက်ပံကျွန်းကျေးရွာတွင် နေအိမ် သုံးလုံး၊ ကျွန်းဖျားကျေးရွာတွင် နေအိမ် သုံးလုံး စုစုပေါင်း နေအိမ် ခြောက်လုံး ပြိုကျပျက်စီးခဲ့ပြီး ကျွန်းဖျားကျေးရွာတွင်နေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးခဲ့ရာ စုစုပေါင်း နေအိမ် ၁၇ လုံးပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျနှင့် အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များရှိမိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တပြောင်းရွှေ့နေထိုင်စေပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက နေအိမ်များ ပြန်လည်ဆောက်လုပ်နေထိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိကာ လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။

**မအူပင်(ပြန်/ဆက်)**



## မူဆယ်မြို့နယ်၌ စုဆောင်းငွေပေါ်အတိုးနှင့် ဂုဏ်ပြုဆုများချီးမြှင့်

**တောင်ကြီး ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၁-၂၀၂၂ မိနီဘတ်ဂျက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊ စုဆောင်းငွေပေါ်အတိုးနှင့် အမြတ်ငွေများ ထုတ်ပေးခြင်း၊ အသင်းသား၊ သမီးများ၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိသူများကို ဆုချီးမြှင့်ခြင်းအခမ်းအနားကို မူဆယ်မြို့ရှိ အိမ်တွင်းမှုကျောင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က ဘဏ္ဍာရေးရှင်းတမ်းများဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခြင်းနှင့် အတည်ပြုချက်များရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကာ အသင်းသားများ၏ သား၊ သမီးများမှ ဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူ ငါးဦးအား တစ်ဘာသာလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ငွေကျပ် ၄ ဒသမ ၅ သိန်း၊ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လိုအပ်လျက်ရှိသည့် စာသင်ခုံ ၁၅ စုံအတွက် ငွေကျပ် ၁၇ သိန်း လှူဒါန်းခြင်း၊ အသင်းသားများ၏ အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၃၁၄ ဒသမ ၂ သိန်းကို ထုတ်ပေးခဲ့သည်။



အဆိုပါအခမ်းအနားသို့ မူဆယ်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်မှ အသင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၄၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သမဝါယမဦးစီးဌာန**

## မုဒုံမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းပျက်စီး

**မုဒုံ ဩဂုတ် ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဩဂုတ် ၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် တောင်ပကျေးရွာရှိ အမက (မူလွန်) စာသင်ကျောင်းနှင့် ကလော့သော့ကျေးရွာရှိ လူနေအိမ် ၁၃ လုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုနေရာသို့ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ပြီး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပူးပေါင်းကူညီရှင်းလင်းဆောင်ရွက်ပေးသည်။

လေပြင်းတိုက်ခတ်မှုကြောင့် တောင်ပကျေးရွာရှိ အမက (မူလွန်) ကျောင်း၏ သွပ်မိုး ၁၇ ပေရှိ သွပ် ၁၇ ချပ်၊ မျက်နှာကြက်များ၊ သံတန်းများ လန်ထွက်ပျက်စီးခြင်း၊ ကလော့သော့ကျေးရွာရှိ လူနေအိမ် ၁၃ လုံးမှ သွပ်အမိုးများလန်ခြင်း၊ သစ်ကိုင်းကျိုးကျခြင်းများ ဖြစ်ပွားခဲ့ရာ သွပ်အမိုး ၁၈၁ ချပ်ခန့် ပျက်စီးသွားပြီး စုစုပေါင်းဆုံးရှုံးငွေကျပ် သိန်း ၉၀ ခန့်ရှိကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mar Mar Win” အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပိတောက်ကုန်းကျေးရွာနေ မာမာဝင်းအား နံနက် ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zaw Win Mg 82” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အရှေ့ရပ်ကွက်နေ ဇော်ဝင်း မောင်အား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “San Htun Aung” အကောင့်ပိုင်ရှင်ဖြစ်သူ ပျော်ဘွယ်မြို့နေ ဇေယံလွင်(ခ) ဆန်းထွန်းအောင်အား ည ၇ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁ ဦး တွေ့ရှိ

(၂-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀ ဒသမ ၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၃၆,၈၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဩဂုတ် ၂**



ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပခုက္ကူစာပေဆု ကျမ်းစာပေ ပထမဆုရရှိသည့် စာရေးသူ မောင်မြကျော်၏ **“အခြေခံပညာ သိကောင်းစရာများ”** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၏ ပညာရေး၌ အရေးအကြီးဆုံး ပညာရေးကဏ္ဍကြီး တစ်ခုဖြစ်သည့် အခြေခံပညာရေးအကြောင်းကို ရေးသားထားသည်။ သိမှတ်ဖွယ်ရာ အခြေခံပညာနှင့် အခြေခံပညာကျောင်း ဝေါဟာရများဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ခွဲခြားရေးသားတင်ပြထားသည်။ အပိုင်း (၁) တွင် အခြေခံပညာဖွင့်ဆို သတ်မှတ်ချက်များ၊ အခြေခံပညာဌာန ဖွဲ့စည်းခြင်းနှင့် ဌာနအကြီးအကဲများ၊ အခြေခံပညာနှင့် ပညာရေးအမျိုးအစားများ၊ အခြေခံပညာနှင့် ဆရာအတတ်ပညာ၊ အခြေခံပညာနှင့် သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်များ၊ အခြေခံပညာနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊ အခြေခံပညာ- ပညာရေးစီမံကိန်း၊ စီမံချက်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အခြေခံပညာနှင့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များကို ရေးသားထားသည်။ အပိုင်း(၂)တွင် ကျောင်းဟူသော စကားလုံးဖြင့် အစပြုထားသည့် ဝေါဟာရများ၊ ကျောင်းဟူသော စကားလုံးဖြင့် အဆုံးသတ်ဝေါဟာရများ (သို့မဟုတ်) ကျောင်းအမျိုးအစားများ၊ ဆရာအခေါ်အဝေါ်များ (သို့မဟုတ်) ဆရာအမျိုးအစားဟူ၍ အခန်းများခွဲကာ ရေးသားတင်ပြထားပါသည်။ ထို့ကြောင့် ယင်းစာအုပ်သည် အခြေခံပညာရေးနှင့်ပတ်သက်၍ ခြုံငုံသိရှိနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၂၅၀၀ ဖြင့် အမှတ် (၅၂၉- ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉- ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၅ ကျပ် | ၂၄၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၇၀ ကျပ် | ၂၄၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

